# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက် ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ အင်္ဂါနေ့ အတွဲ(၆၅)၊ အမှတ်(၃၁၀)


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သဘာဝအလှနှင့် ဒေသဓလေ့များ ထိုင်းနှင့် မလေးရှားမှ ဓာတ်ပုံပညာရှင်များ မှတ်တမ်းတင်ရိုက်ကူး

ရန်ကုန် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသွား ဓာတ်ပုံပညာရှင် ၁၂ ဦး ရောက်ရှိလာပြီး ဒေသတွင်း သဘာဝ အလှအပ

စာမျက်နှာ ၆ ကော်လံ ၅ ❖





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုစဉ်။


အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့နှင့် လူငယ်တို့၏ ကဏ္ဍ ဆောင်းပါး > စာ > ၈

ဟားခါးမြို့၌ မိခင်တိုင်းရင်းစာပေသင်တန်း ဖွင့်လှစ် ပြည်တွင်းသတင်း > စာ > ၉

မတ္တရာမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ် သတင်း > စာ > ၁၃


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❏

## MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ငွေကျပ်ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ် ဘီလီယံ ၁၅၀ ကို MSME ချေးငွေ ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

MSMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ငွေကျပ်ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ်ဘီလီယံ ၁၅၀ ကို MSME ချေးငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၆) အစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက MSME လုပ်ငန်းရှင်များ ချေးငွေရယူရာတွင် အဆင်ပြေစေရန် ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် ပြင်ဆင်ဖြေလျှော့ပေးမှုများ စာမျက်နှာ ၅ ကော်လံ ၁ ❍

## ဧရာဝတီမြစ်ရေ ပခုက္ကူမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေ

နေပြည်တော် ဩဂုတ် ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

## အဆိုးရွားဆုံးပုံစံခိုင်းစေခံရသည့် ကလေးအလုပ်သမားများ တွေ့ရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 သို့ ဆက်သွယ်သတင်းပို့ရမည်

နေပြည်တော် ဩဂုတ် ၁၀

အဆိုးရွားဆုံးပုံစံ ခိုင်းစေခံရသည့် ကလေးအလုပ်သမားများ တွေ့ရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 သို့ သတင်းပို့ရန်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်အညီ ကလေးအား အကောင်းဆုံးအကျိုးစီးပွားရရှိရေး ဆောင်ရွက်ပေးရန်၊ ကလေးသူငယ်များအပေါ် ပုံစံအမျိုးမျိုးဖြင့် အသုံးချမှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ မရှိစေရေး ကာကွယ်တားဆီးမှုများ ဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်

စာမျက်နှာ ၆ ကော်လံ ၁ ✻




မြန်မာ့အလင်း

# ဘဝရှေ့ဆောင် ရက်ပေါင်း ၈၀၀၀

အာဟာရသည် လူအပါအဝင် သက်ရှိသတ္တဝါများ ရှင်သန်ကျန်းမာရေးအတွက် လိုအပ်သောဇီဝဓာတုပစ္စည်းများဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ မျိုးဆက်ပွားမှု၊ လှုပ်ရှားသွားလာမှု၊ ကျန်းမာကြံ့ခိုင်မှုနှင့် ခွန်အားတို့အတွက် အာဟာရဓာတ်အမျိုးမျိုးတို့ကို အစားအစာများစားသုံးခြင်းမှ ရရှိနိုင်သည်။ ကစီဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်နှင့် ရေဓာတ်ဟူသော အာဟာရဓာတ် ခြောက်မျိုးတို့လိုအပ်ချက်မှာ အသက်အရွယ်၊ ကျား/မ၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေးအခြေအနေ စသည်တို့အရ ကွာခြားမည်ဖြစ်သည်။

ကလေးအရွယ်နှင့် ဆယ်ကျော်သက်အရွယ်လူငယ်များသည် ခန္ဓာကိုယ်ဖွံ့ဖြိုးသည့်အရွယ်များဖြစ်သည့်အလျောက် အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးနိုင်စေရန်၊ အရိုးများသန်မာစေရန်၊ ဟော်မုန်းများပြောင်းလဲမှုနှင့် သွေးအားနည်းခြင်းတို့ကို ကာကွယ်နိုင်စေရန် အာဟာရပြည့်ဝသည့်အစာများ မျှတစွာစားသုံးရန်လိုအပ်သည်။ “ ဘဝရှေ့ဆောင်ရက် ၁၀၀၀ ” ဟု အဆိုရှိသည့် သန္ဓေသားဘဝမှ အသက် နှစ်နှစ်အတွင်း ဘဝအစ၏ပထမရက်ပေါင်း ၁၀၀၀ ကာလတွင် အာဟာရပြည့်ဝစေရန် ပံ့ပိုးဖြည့်ဆည်းပေးမှုသည် အကျိုးကျေးဇူးများပြားပြီး ကလေး၏ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးသကဲ့သို့ အထိရောက်ဆုံးလည်းဖြစ်သည်။ ယင်းမှဆက်လက်၍ ကလေးအရွယ်၊ ဆယ်ကျော်သက်အရွယ်နှင့် အသက် ၂၀ ဝန်းကျင်ခန့်အထိ ရက်ပေါင်း ၈၀၀၀ သည်လည်း ကိုယ်ကာယဆက်လက်ဖွံ့ဖြိုးလျက်ရှိရာ အာဟာရပြည့်ဝစွာစားသုံးနိုင်ရန် အရေးကြီးသည်ဟု ကျန်းမာရေးပညာရှင်များက ဆိုထားသည်။

အသက် ငါးနှစ်အောက်ကလေးများသည် လူကြီးများစားသကဲ့သို့ တစ်ကြိမ်တည်းနှင့် အစာများစွာ မစားနိုင်ကြခြင်းကြောင့် တစ်နေ့လျှင် ထမင်း သုံးကြိမ်ကျွေးရန်နှင့် အာဟာရပြည့်ဝသည့် မုန့်ပဲသရေစာများ တစ်နေ့လျှင် နှစ်ကြိမ်ကျွေးရန် လမ်းညွှန်ထားသည်။ ကလေးနေမကောင်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းတို့ဖြစ်နေစဉ် အစာမကျွေးဘဲမထားရန်နှင့် ချော့၍ကျွေးရန်၊ အစာကို ပမာဏနည်းနည်းနှင့် အကြိမ်များများကျွေးရန်၊ အစာပျော့ပျော့ကျွေး၍ အရည်များများတိုက်ရန်၊ မိခင်နို့၊ ဓာတ်ဆားရည်၊ ဆန်ပြုတ်၊ စွပ်ပြုတ်တိုက်ရန်လိုသည်။ အာဟာရပြည့်ဝခြင်းက ကလေးကို မြန်မြန်နာလန်ထစေသည်။ ကလေးအစာမဝင်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် အမြန်ပြရမည်ဖြစ်သည်။ နာလန်ထချိန်တွင် ကလေးခံတွင်းပြန်ကောင်းလာတတ်ရာ နေမကောင်းချိန်တွင် လျော့နည်းသွားသည့်ကိုယ်အလေးချိန်ကို အမြန်ဆုံးပြန်လည်ရရှိစေရန် ဂရုစိုက်၍ အစာပိုကျွေးရမည်ဖြစ်သည်။

အသက် ၅ နှစ်မှ ၁၉ နှစ်အရွယ်အထိသည် ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တစ်သက်တာကျန်းမာသည့် လူနေမှုပုံစံကိုရရှိရန် လေ့ကျင့်ပျိုးထောင်နိုင်သည့် အကောင်းဆုံးသောအရွယ်ဖြစ်ပြီး လေ့ကျင့်ပျိုးထောင်မှုကောင်းစွာရရှိပါက ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ပညာရေးတွင် စွမ်းဆောင်မှုတို့ ကောင်းမွန်စေမည်ဖြစ်ပြီး ခန္ဓာကိုယ်ထွားကျိုင်းသန်မာလာစေနိုင်သည်။ အနာဂတ်တွင်ဖြစ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။ မျက်မှောက်ကာလ ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၏ စားသောက်မှုများတွင် အချိုလွန်ကဲသည့်အစားအစာများ၊ အချိုရည်များ၊ အဆင့်ဆင့်ပြုပြင်ထားသည့် အသင့်စားအစားအစာများ၊ အာဟာရဓာတ် မပါဝင်သလောက်ဖြစ်သည့် အသင့်စားသရေစာ (Junk food) များကို လွန်ကဲစွာစားသောက်လာခြင်း၊ အစားအစာပမာဏ ပိုမိုစားသုံးခြင်းနှင့် TV၊ ဖုန်းကြည့်ရှုချိန်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့မှာ အန္တရာယ်ရှိသည့်အပြုအမူများဖြစ်သည်ဟု ပညာရှင်များက သတိပေးထားသည်။

ယူနီဆက်၏ ၂၀၂၂ ခုနှစ်အတွင်း လေ့လာချက်များအရ တစ်ကမ္ဘာလုံးတွင် ပုညှက်သောကလေး (Stunting) ၂၂ ဒသမ ၃ ရာခိုင်နှုန်း၊ ပိန်လှီသောကလေး (Wasting) ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် အဝလွန်ကလေး (Overweight) ၅ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင်မူ ပုညှက်သောကလေး ၂၀-၃၀ ရာခိုင်နှုန်း၊ ပိန်လှီသောကလေး ၅-၁၀ ရာခိုင်နှုန်းနှင့် အဝလွန်ကလေး ၂ ဒသမ ၅ ရာခိုင်နှုန်းအောက်ရှိသည်ဟု သိရသည်။ ကျောင်းနေအရွယ်ကလေးများ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ မစားဖြစ်ရခြင်း၏အကြောင်းရင်းများတွင် အာဟာရပြည့်ဝသောအစားအစာများ လွယ်လင့်တကူဝယ်ယူမရနိုင်ခြင်း၊ သူငယ်ချင်းများစားသောက်မှုပုံစံအတိုင်း လိုက်၍စားသောက်ကြခြင်းတို့က အဓိကဖြစ်သည်ဟုဆိုရာ ကျောင်းသားကျောင်းသူများအား အစာအာဟာရဆိုင်ရာ ပညာပေးမှုများ၊ ကျောင်းမုန့်ဈေးတန်းများနှင့် ကျောင်းအနီးပတ်ဝန်းကျင်၌ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်၊ မုန့်ပဲသရေစာများ ရောင်းချပေးရန်စီမံဆောင်ရွက်မှုများဖြင့် ကလေးများ အာဟာရပြည့်ဝစွာစားသုံးနိုင်ရန် ဖန်တီးပေးဖို့လိုသည်။

ဩဂုတ်လ၏ ဒုတိယရက်သတ္တပတ်သည် အသက် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖြစ်သည်။ ကလေးများနှင့်လူငယ်များ အာဟာရဖွံ့ဖြိုးမှုသည် ဗလငါးတန်ဖွံ့ဖြိုးသော လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အလျောက် အလေးအနက်ထားကာ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

**ပထမပတ်** – မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်
**ဒုတိယပတ်** – အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
**တတိယပတ်** – ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
**စတုတ္ထပတ်** – အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

---

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

**“ Different Contexts, Common Aspirations ”**

**“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”**

---

**၁၀ - ၈ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

---

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဩဂုတ် ၁၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၈ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၄၀ | ၃၉၉၅ | ၃၉၄၅ | ၃၈၅၅ | ၄၀၀၀ | ၄၀၁၅ | ၄၀၄၅ | ၃၉၂၅ | ၄၂၉၅ | ၄၃၂၅ | ၃၉၄၅ | ၄၀၅၅ | ၄၀၃၅ | ၃၉၉၅ | ၄၀၀၅ | ၄၂၃၅ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၁၀ | ၄၁၂၅ | ၄၁၆၀ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၅၅ | ၄၁၅၀ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၅၅ | ၄၁၇၀ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၉၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၃၈ | ၃၇၄၅ |
| 95 Ron | ၃၇၄၅ | ၃၈၅၄ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၈ | ၄၉၃၄ |
| HSD (10 ppm) | ၄၈၀၈ | ၄၉၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဟန်လင်းအောင်
**စာတည်းမှူး** - ခင်ရတနာ
**စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**အကြီးတန်းသတင်းထောက်** - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့်အဖွဲ့
**စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်**-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

❑ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ သို့ ရောက်ရှိရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူ မောင်မယ်လေးများနှင့် ကျန်းမာရေးဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှဆရာ ဆရာမများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆုရရှိကြသည့်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် "ဘဝတွက်တာ ကျောင်းကျန်းမာ" သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးအတွက် "**လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ**"ဟူသည့် ဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်နှင့်အတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ခုဖြစ်အောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုလိုနီခေတ်က စတင်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးသတိများ ပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသားမိဘများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်း သိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန်လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် "**ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်**" ဟူသည့်အတိုင်း ငယ်ရွယ်စဉ်ကလေးဘဝကစပြီး အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့်ညီညွတ်သည့်လူနေမှုဘဝပုံစံများကို ကျင့်သုံးသွားစေရန် အလွန်အရေးကြီးကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့် ကျန်းမာသည့် ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့် ဘက်စုံကျောင်းကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို နှစ်စဉ်ဩဂုတ်လဒုတိယပတ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်ကြခြင်းပင် ဖြစ်ကြောင်း၊ အလားတူ နှစ်စဉ်ဩဂုတ်လဒုတိယပတ်တွင် "**ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်**" ကိုလည်း တစ်ချိန်တည်း ဆောင်ရွက်ကြောင်းကို သိရှိရကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆု(ပထမဆု) ရရှိသည့် ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆု(ပထမဆု) ရရှိသည့် ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

ထိုသို့ ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်တို့ကို တစ်ချိန်တည်း ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးပေးနိုင်သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှု အခြေအနေများကိုပါ တိုင်းတာအကဲဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းသားကျောင်းသူများ၏ အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့် ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို စောစီးစွာဖော်ထုတ်နိုင်ပြီး သင့်တော်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန် တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင် ထူးချွန်မှုစသည်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဦးညိုစော ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆုရရှိသည့် ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆုရရှိသည့် ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကလေးများ မိခင်ဝမ်းအတွင်းသန္ဓေသားအဖြစ် ရှိနေချိန်မှစတင်ပြီး လိုအပ်သည့် အာဟာရဓာတ်များနှင့်ပြည့်စုံစေရန် ကိုယ်ဝန်ဆောင် မိခင်များ၏ အာဟာရပြည့်ဝရန်လည်းလိုအပ်ကြောင်း၊ မွေးဖွားပြီးမွေးကင်းစအရွယ်မှ ကလေးအသက်(၂)နှစ်ပြည့်သည့်အထိ **“ဘဝရွှေ့ဆောင်ရက်ပေါင်းတစ်ထောင်”** ကာလအတွင်း၌လည်း အာဟာရပြည့်ဝအောင် ပြုစုကျွေးမွေးစောင့်ရှောက်ရန်အရေးကြီးကြောင်း၊ ထို့ကြောင့် အဆိုပါ ကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက်လည်း ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်(MCCT)ကို လူမှုဝန်ထမ်းဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင်ရှိသည့် ဦးစားပေးဒေသများ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပါအဝင် နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး အသက်(၅)နှစ်အောက် ကလေးများ၏ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးပြုစုတတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှု အခြေအနေကို ပုံမှန်စစ်ဆေးပြီး လိုအပ်သည့်ပြုစုကုသမှုများပေးခြင်းတို့ကိုလည်း အခြေခံကျန်းမာရေးဝန်ထမ်းများက ရပ်ရွာအခြေပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး မူကြိုကျောင်းများတွင်လည်း ကျန်းမာရေးကြည့်ရှုစောင့်ရှောက်ပေးသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ် ကလေးငယ်များတွင် အာဟာရဓာတ်များ ပိုမိုပြည့်ဝစွာရရှိစေရန်နှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများကို ကျန်းမာရေးရှုထောင့်အရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားတစ်ဦးချင်းအလိုက် ကျောင်းကျန်းမာရေးစစ်ဆေးမှုများကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အခြေခံပညာအတန်းအားလုံး လွှမ်းခြုံမှုရှိအောင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားရေးရာဝန်ကြီးဌာနတို့က တာဝန်ရှိသူများအနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် အောင်မြင်အောင် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများ ရရှိစေရေး ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သင်ကြားပေးခြင်း၊ အမှိုက်ကင်းစင်ရေး၊ သန့်ရှင်းသည့် ယင်လုံအိမ်သာသုံးစွဲရေး၊ သန့်ရှင်းသည့်ရေရရှိရေး စသည့်ပတ်ဝန်းကျင်သန့်ရှင်းရေးများကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များ ရရှိကျင့်သုံးစွဲမြဲစေရန် စနစ်တကျ လက်ဆေးခြင်း၊ သွားတိုက်ခြင်း စသည်တို့ကိုသင်ကြားပေးခြင်း၊ သွေးအားနည်းရောဂါကာကွယ်ရန် ကျောင်းအခြေပြုသန်ချဆေးတိုက်ကျွေးခြင်းနှင့် အလယ်တန်းနှင့် အထက်တန်းကျောင်းသူများကို သံဓာတ်ဆေးပြားတစ်ပတ်လျှင်နှစ်ကြိမ်တိုက်ကျွေးခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းတို့လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းတွင်းအစားအစာများ အန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းများဖြစ်သည့် ကျောင်းမုန့်ဈေးတန်းကိုလည်း ပုံမှန်စစ်ဆေးပြီး အာဟာရပြည့်ဝသည့် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချစေခြင်း၊ အစားအစာ ရောင်းချသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် ပဏာမကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားကျန်းမာရေးစီမံကိန်းတွင်ပါဝင်သည့် ကျောင်းကျန်းမာရေးစီမံချက်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ကျောင်းသား လူငယ်တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေး ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် “ကျောင်းကျန်းမာရေး ဗဟိုကော်မတီ” ကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်များတွင် ကျောင်းကျန်းမာရေးကော်မတီများကို ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအပြင် လူမှုရေးအသင်းအဖွဲ့များ၊ အမှန်တကယ် စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးနိုင်သူများနှင့် ဖွဲ့စည်းပြီး ထိရောက်အောင်မြင်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းအလိုက် ကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ်များထားရှိခြင်းကို (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် KG မှ စတင်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူလတန်းအရွယ်ကလေးများအပြင် ဆယ်ကျော်သက်အရွယ်ကလေးများတွင်ပါ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုပညာသင်နှစ်မှစတင်ပြီး Grade-12 အထိ စဉ်ဆက်မပြတ် လွှမ်းခြုံမှုရရှိအောင် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်လာရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင်သေဆုံးမှုများကို လျှော့ချရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရရှိစွဲမြဲကျင့်သုံးတတ်စေရန် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကလေးအရွယ်မှစပြီး ဘဝတစ်သက်တာတွင် အစာအမျိုးအမည် ငါးမျိုးပါအောင် စုံလင်စွာစားသောက်တတ်သည့် အလေ့အကျင့်နှင့် မိသားစုများပါ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝမျှတသော အစားအသောက်များ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိကျင့်သုံးကြရန်လိုကြောင်း၊ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနကို ခွင့်ပြုရန်ပုံငွေများ ချထားပေးလျက်ရှိပြီး ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း ရန်ပုံငွေ ကျပ် ၂ ဒသမ ၈၂ ဘီလီယံကို ပထမအကြိမ် ခွဲဝေချထားခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ချထားပေးသွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်သည့် သင်တန်းနှင့် သုတေသနလုပ်ငန်းအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ဆယ်ကျော်သက် ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၁၅၅ ဦး၏ ကျန်းမာရေးဆိုင်ရာ အခြေအနေများကို လေ့လာဆန်းစစ်ခဲ့သည်ကို သိရှိရကြောင်း၊ အဆိုပါသုတေသနရလဒ်အရ ကိုယ်အလေးချိန်လျော့နည်းသည့် ကျောင်းသား ကျောင်းသူ ၂၃ ရာခိုင်နှုန်းနှင့် အဝလွန်သည့် ကျောင်းသား ကျောင်းသူ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ကျောင်းသား ကျောင်းသူ သုံးပုံတစ်ပုံခန့်သာ တစ်ပတ်လျှင် အနည်းဆုံး တစ်နာရီခန့် ကိုယ်လက်လှုပ်ရှားမှုရှိကြောင်း၊ ကျောင်းသား ကျောင်းသူ ဆယ်ပုံတစ်ပုံခန့်က စိတ်ဖိစီးမှုများ ခံစားနေရကြောင်း၊ ဆယ်ကျော်သက် ကျောင်းသား ကျောင်းသူများမှာ အီး-စီးကရက် (Vape) အပါအဝင် ဆေးလိပ်၊ အရက် ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေးစမ်းသပ်သုံးစွဲမှုများ ရှိနေသည်ကို လေ့လာတွေ့ရှိရကြောင်း။

ကျောင်းအားလုံးကို ဆေးလိပ်ကင်းစင်သည့် ကျောင်းများအဖြစ် မူဝါဒချမှတ်ပြီးဖြစ်သဖြင့်လက်တွေ့အခြေအနေတွင်လည်း ဆေးလိပ်ကင်းစင်သည့် ကျောင်းများဖြစ်စေရန် လိုအပ်ကြောင်း၊ ကျောင်းပတ်ဝန်းကျင် ပေ ၁၀၀ အတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းတို့ကို ဥပဒေအရ ပိတ်ပင်တားမြစ်ထားကြောင်း၊ ထို့အပြင် အီး-စီးကရက်နှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲခြင်းနှင့် လက်ဝယ်ထားရှိခြင်းကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားပြီးဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ကြရန်နှင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရပြည့်ဝသည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများဖြစ်သည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်း၊ ဆေးလိပ်၊ Vape၊ အရက်နှင့် မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်း စသည့်ပညာပေး လှုပ်ရှားမှု အစီအစဉ်များတွင် ကျောင်းသား ကျောင်းသူအားလုံး တက်ကြွစွာပါဝင်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေး ကောင်းမွန်စေရေးနှင့် ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် လုံလောက်သည့် အိပ်စက်ချိန်ရရှိရေး၊ စိတ်ဖိစီးမှုများ ခံစားနေရသည့်ကလေးများကို မိဘနှင့်ဆရာများက ပူးပေါင်းပြီး ကူညီပံ့ပိုးမှုရှိသည့် ပတ်ဝန်းကျင်များ၊ အပြုသဘောဆောင်သည့် ဆက်ဆံရေးများနှင့် အားပေးကူညီခြင်းတို့ကိုလည်း သက်ဆိုင်သူအားလုံးက ပူးပေါင်းပြီး ပိုမိုအလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူသားအရင်းအမြစ်များ ဖြစ်ခြင်းကြောင့် ကလေးများ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းကျန်းမာရေး

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။




၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများက “စုံအောင်စားစို့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

*စာမျက်နှာ ၄ မှ*

လုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ရရှိစွဲမြဲကျင့်သုံးနိုင်စေရန်နှင့် အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရှောင်ကြဉ်မှု အပါအဝင် ကျန်းမာရေးနှင့် ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားလူငယ်ဘဝကတည်းက သိရှိလိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ်ပါ အချက်အလက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးကြရန်နှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ယခုထက်ပိုပြီး ထိရောက်စွာ ဆောင်ရွက်ကြပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေး အလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ကျောင်းကျန်းမာရေးလုပ်ငန်းများထူးချွန်ဆု (ပထမဆု)ရရှိကြသည့်ကျောင်းများဖြစ်ကြသည့် အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ အခြေခံပညာမူလတန်းအဆင့်တွင် ပထမဆုရရှိသည့် အခြေခံပညာမူလတန်းကျောင်း၊ တောင်ပို့ကြီး(မြောက်)၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ ကျောင်းအုပ်ကြီးများအား ဆုများပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားတစ်ဦးက အာဟာရပြည့်ဝကျန်းမာစွာဖြင့် စားသုံးနိုင်သည့် အစားအစာအုပ်စုများနှင့် တစ်နေ့တာ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံအကြောင်း ရှင်းလင်းတင်ပြစဉ်။

ထို့နောက် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး တို့က အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆု ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ Video Clip နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူလေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေး သီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြမှုအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းဆွေးနွေးကာ လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအတွက် ဆရာ ဆရာမများနှင့် မိဘများ ပူးပေါင်းပြင်ဆင်ချက်ပြုတ်ထားသည့် ဟင်းလျာများ ပြသထားရှိမှု၊ ကျောင်းသား ကျောင်းသူများက အာဟာရပြည့်ဝကျန်းမာစွာဖြင့် စားသုံးနိုင်သည့် အစားအစာ အုပ်စုများနှင့် တစ်နေ့တာ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံ အကြောင်း ရှင်းလင်းတင်ပြမှု၊ KG ကျောင်းသား ကျောင်းသူလေးများအား ဆရာ ဆရာမများနှင့် မိဘများ ပူးပေါင်းပြင်ဆင်ချက်ပြုတ်ထားသည့် အာဟာရဖြည့် ဟင်းလျာများ ကျွေးမွေးနေမှု၊ ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ကျောင်းသား ကျောင်းသူများက သရုပ်ဖော်ကပြတင်ဆက်မှုတို့ကို ကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား ၎င်းတို့ အသက်အရွယ် ကျား/မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မူလတန်းကျောင်းသား ကျောင်းသူများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း သရုပ်ပြသမှု၊ မူလတန်း ကျောင်းသား ကျောင်းသူများက စနစ်တကျ လက်ဆေးခြင်းနှင့် စနစ်မှန် သွားတိုက်ခြင်း သရုပ်ပြသမှု၊ ကျောင်းစာကြည့်တိုက်တွင် အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများက ကျန်းမာရေးနှင့်အညီ သန့် ငါးသန့် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးမှု၊ အီး-စီးကရက်(Vape) အပါအဝင် ဆေးလိပ်၊ အရက်ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များနှင့်ပတ်သက်၍ အဖွဲ့လိုက်အပြန်အလှန်ဆွေးနွေးလေ့လာလျက်ရှိမှု၊ ကျန်းမာရေးနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများက ဥာဏ်စမ်းမေးခွန်းများဖြေဆိုလျက်ရှိမှု၊ အထွေထွေကျန်းမာရေး စစ်ဆေးမှုအား KG၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှု၊ ပဏာမမျက်စိ စောင့်ရှောက်မှု လုပ်ငန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှုနှင့် သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များ တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများအား သန်ချဆေးနှင့် သံဓာတ်အားဆေးများ တိုက်ကျွေးပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် KG ကျောင်းသား ကျောင်းသူလေးများအား အာဟာရဖြည့်ဟင်းလျာများ ကျွေးမွေးနေမှုကို ကြည့်ရှုအားပေးစဉ်။

○ ***MSME လုပ်ငန်းများမှ***

ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်း ပေးအပ်နိုင်ခြင်းမရှိ၍ CGI စနစ်ဖြင့် ချေးငွေရယူလိုပါကလည်း ငွေကျပ်သန်း ၅၀ အထိ တိုးမြှင့်၍ ချေးငွေအာမခံဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် MSME ချေးငွေလုပ်ငန်းစဉ်များ ကြန့်ကြာမှုမရှိဘဲ လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။



အလားတူ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက လက်ရှိ MSME ချေးငွေ အများဆုံးပမာဏ ငွေကျပ်သန်း ၁၀၀ သတ်မှတ်ထားရှိမှုကို တိုးမြှင့်သတ်မှတ်နိုင်ရန် ဘဏ္ဍာရေး စည်းမျဉ်းပါသတ်မှတ်ချက်များကို ပြင်ဆင်ရန် ပြန်လည်သုံးသပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အေဂျင်စီအနေဖြင့် MSME ချေးငွေ မူဝါဒနှင့်အညီ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေထုတ်ချေး ပြီးစီးမှုနှင့် လက်ကျန်အခြေအနေများ၊ ချေးငွေစိစစ်ခွင့်ပြုမှု လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ပြင်ဆင်ရေးနှင့် ချေးငွေပမာဏ တိုးမြှင့်ထုတ်ချေးနိုင်ရေးတို့အပေါ် အကြံပြုဆွေးနွေးကြရာ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်၏ မူဝါဒနှင့်အညီ MSME လုပ်ငန်းရှင်များ လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို မြန်ဆန်မှန်ကန်စွာ စိစစ်ထုတ်ချေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များတွင် ငလျင်ဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချပေးနိုင်ရေး နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

***❊ အဆိုးရွားဆုံးပုံစံမှ***

ဖြစ်သော အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က တိုက်တွန်းပြောကြားသည်။

ထို့ပြင် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက်ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာအရ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးအလုပ်သမားများကို တိုင်းဒေသကြီး၊ ပြည်နယ် လူမှုဝန်ထမ်းရုံးများမှ လူမှုဖြစ်ရပ်စီမံခန့်ခွဲသူများက လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု နည်းလမ်းများနှင့်အညီ ကွင်းဆင်းမှုများပြုလုပ်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များနှင့် ပြည်သူတစ်ဦးချင်းစီက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ၊ ကလေးအလုပ်သမားများနှင့် ပတ်သက်သည့်ဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာခြင်းဖြင့် ကလေးအလုပ်သမားများ၏ အခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းလည်း ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။





အလားတူ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာသူများက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်၊ ပထမသုံးလပတ် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

***❖ ရှေ့ဖုံးမှ***

များနှင့် ကျေးလက်ဓလေ့စရိုက်များကို မှတ်တမ်းတင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဓာတ်ပုံပညာရှင်အဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းမှစတင်၍ စူဠာမဏိဘုရား တောင်ဘက်ရှိ ဖိုးမောက်ကြီးတောင်ကုန်း ပတ်ဝန်းကျင်၌ စတင်ရိုက်ကူးခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ရိုက်ကူးရာတွင် ပုဂံဒေသ၏ သာယာလှပသော ရှုခင်းများကို နောက်ခံထားကာ မြန်မာကျေးလက်တောင်သူများ၏ စပါးရိတ်သိမ်းခြွေလှေ့ပုံ၊ နွားများဖြင့် ကောက်ရိုးသယ်ယူသည့် ပြကွက်များ၊ အရှေ့အိုးထိန်းကုန်းမှ နေထွက်ချိန် ရှုခင်းနှင့် ဖိုးမောက်ကြီးတောင်ကုန်းမှ နေဝင်ချိန် ပုဂံရှေးဟောင်းဘုရားများ၊ ဧရာဝတီမြစ်နှင့် တန့်ကြည်တောင်တန်းတို့၏ သဘာဝအလှအပများကို စနစ်တကျ မှတ်တမ်းတင်ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

ဓာတ်ပုံပညာရှင်များသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ အခွန်အခများ ပေးဆောင်၍ ရိုက်ကူးခြင်းဖြစ်ပြီး စူဠာမဏိဘုရားပတ်ဝန်းကျင်အပြင် မြင်းကပါ၊ ပြာသာဒ်ကြီး၊ မင်းနန်သူနှင့် အနောက်ဖွားစောကျေးရွာတို့တွင်လည်း ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတကာဓာတ်ပုံပညာရှင်များ လာရောက်ရိုက်ကူးမှုကြောင့် ပုဂံဒေသရှိ ဒေသခံနွားလှည်း၊ မီနီအိုးဝေနှင့် အငှားယာဉ်မောင်းသူများ၊ ဟိုတယ်နှင့် တည်းခိုခန်းများအပါအဝင် ရိုက်ကွင်းဖန်တီးပေးသူများအတွက် လုပ်ငန်းဝင်ငွေများရရှိကာ ဒေသတွင်း ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားဘဝကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **TWA**

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ တို့လူငယ်များပါဝင်စို့

❖ အမိနိုင်ငံ အနာဂတ်
ဂုဏ်မြင့်မြတ် ဖွံ့ဖြိုးဖို့ရာ။
တို့လူငယ် အင်အားထု
ပေါင်းစုညီပါ။
❖ ဖွင့်လှစ်သည့် လူငယ်စင်တာ
သွားရောက်ကာ လေ့လာလျက်။
ဉာဏ်ပညာ ပြည့်စုံရေး
နည်းပေးဆောင်ရွက်။
❖ နိုင်ငံတော် ငြိမ်းချမ်းရေး
လူငယ့်အတွေး ရှေ့ဆောင်မယ်။
လူငယ်ရေးရာ ဌာနစခန်း
ပွင့်လန်းသည့်နယ်။
❖ ချမှတ်သည့် ဗျူဟာရယ်
ပါဝင်ကွယ် အတူပူးပေါင်း။
လူငယ်ကမ္ဘာ ကဏ္ဍချဲ့တိုး
ဖွံ့ဖြိုးစေကြောင်း။
❖ မြို့ရန်ကုန် ဦးစွာဖွင့်
အခွင့်လမ်း ပွင့်ရာမြေ။
လူငယ်တွေ အကျိုးပြု
ပြည်သူ့တွက်လေ။
❖ တည်ဆောက်သည့် လူငယ်စင်တာတွေ
မကွေးမြေ ဒုတိယ။
ပဲခူးမှာ တတိယမြောက်
ထွန်းတောက်ခဲ့ရ။
❖ ရွှေကရင် စတုတ္ထ
ဖွင့်ကြသည့် လူငယ်စင်တာ။
ကဏ္ဍစုံ တိုးတက်ဖို့
မျှော်လင့်လျက်သာ။
❖ ကာယ၊ ဉာဏ မိတ္တစုံစွာ
ဘောဂဥစ္စာနှင့် စာရိတ္တတရား။
ဗလငါးတန် ပြည့်စုံလှပ
ဘဝမြင့်မား။
❖ လူကောင်းလူတော် ခေါင်းဆောင်များ
တိုးပွားမည့် နိုင်ငံတော်။
နှောင်းနောင်လူ ပညာရှင်များ
မွေးဖွားဖို့မျှော်။
❖ ငြိမ်းချမ်းရေး ပန်းတိုင်ပေါ်
လူငယ်ခေါ် နိုင်ငံ့သားကောင်း။
ရွှေမြန်ပြည် နိုင်ငံတစ်ဝန်း
တင့်ဆန်းစေကြောင်း။ ။

ရွှေညာသူ(စက်မှု)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ အမြဲတမ်းကော်မတီဝင် ဦးခမ်းမောင်၊ အတွင်းရေးမှူးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအားလူနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအိုက်ပန်း၊ ဦးစိုင်းမောက်နှင့် ဦးဇင်ခမ်းနော်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပြေလည်အောင်ညှိနှိုင်းဆောင်ရွက်ပေး**

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) မိုင်းလားအဖွဲ့နှင့် နေပြည်တော်တွင် ဒုတိယအကြိမ် တွေ့ဆုံရသည့်အတွက် အထူးပင်လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပထမအကြိမ် မိုင်းလားတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး ယခင် NDAA ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းမှုအား ဝမ်းသာပါကြောင်း၊ ယခင်ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်းနှင့်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် မိုင်းလားဒေသအား မြင့်မားသည့် အဆင့်အတန်းတစ်ခုသို့ ရောက်ရှိအောင် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက်လိုလားချက်များကို ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အား ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တချို့နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များသည် အဆင့်လိုက် လုပ်ဆောင်ရသည်များရှိပြီး ဌာနဆိုင်ရာများတွင်လည်း ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများရှိသည့်အတွက် ညှိနှိုင်းဆောင်ရွက်ရသည်များရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် လိုအပ်ချက်များအား နှစ်ဖက်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး တိုးတက်ကောင်းမွန်သော အရွေ့တစ်ခုသို့ ရောက်အောင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

**ယုံကြည်မှုကိုမြှင့်တင်နိုင်မည်**

ယင်းနောက်အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းက ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန် နေပြည်တော်သို့ ဖိတ်ခေါ်သည့်အတွက် ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီအနေဖြင့် ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရမှုအပေါ် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဇွန် ၁၇ ရက်တွင် ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ် မိုင်းလားတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခုတစ်ကြိမ်ထပ်မံ၍ နေပြည်တော်တွင် ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန် အလေးထားဖိတ်ခေါ်သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း ချမှတ်ခဲ့သည့် **“ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး”** ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းလာခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးသည့် နည်းလမ်းဖြင့် ဖြေရှင်းခဲ့ပြီး နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အမွေဆက်ခံပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မကြာခဏ တွေ့ဆုံဆွေးနွေးပြီး ပိုမိုရင်းနှီးသည့် ဆက်ဆံခြင်းမှ ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပေးစေလိုပါကြောင်း၊ လမ်းညွှန်ချက်များအား ဒေသခံပြည်သူများအား ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အပေါ် ဂရုစိုက်မှုများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ဆောက်ရေး၊ ကျိုင်းတုံ-မိုင်းလား လမ်းမကြီး ပြုပြင်ရေး၊ မိုင်းယု-ကျိုင်းယန်းတံတား ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာနိုင်ရေး၊ နယ်စပ်ဒေသပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုအဆင့်အတန်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်ရန်အတွက် သင်ကြားရေးဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်ပေးခြင်း၊ ဆေးဝါးနည်းပညာဆိုင်ရာများ ဖလှယ်ခြင်းနှင့် ရောဂါကာကွယ် ထိန်းချုပ်ခြင်းအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများအား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေး အလားအလာကောင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် နှစ်ဖက်တိုက်ရိုက် ဆက်ဆံရေး ခိုင်မာစေရေးတင်ပြဆွေးနွေးချက်များအပေါ် NSPNC ဘက်မှ နိုင်ငံတော်အကြီးအကဲထံ ဆက်လက်တင်ပြပြီး ညွှန်ကြားချက် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကို အဆင့်လိုက်တိုးမြှင့် ဆောင်ရွက်သွားရေး၊ NDAA ၏ ခေါင်းဆောင်မှု အပြောင်းအလဲနှင့် ခေါင်းဆောင်သစ်များစုဖွဲ့မှုများ၊ “ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုးမှု” မူဝါဒနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်နိုင်သည့် အချက်အလက်များကို အဓိကထား စဉ်းစားဆောင်ရွက်မှုများနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၏ လိုအပ်ချက်များအား ဆက်လက်ဆွေးနွေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းက ရှောဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ လေ့လာ



**နေပြည်တော် ဩဂုတ် ၁၀**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်) မှ ကျောင်းသားကျောင်းသူများနှင့် အုပ်ချုပ်သူ ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို တာဝန်ရှိသူများထံ စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့နှင့် လူငယ်တို့၏ ကဏ္ဍ

**လူငယ်များသည် အနာဂတ်နိုင်ငံတော်နှင့် လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော အရင်းအနှီးများဖြစ်ကြသည်။ လူငယ်များ၏ စွမ်းရည်၊ စွမ်းပကားများက နိုင်ငံတော်၏ အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်သည်။**

*ကိုယဉ်ချစ်(မန္တလေး)*

လူငယ်များသည် နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းလေ့လာလိုခြင်း၊ ရဲရင့်ခြင်း၊ ဖန်တီးနိုင်သော စွမ်းအားများရှိခြင်း၊ သင်ယူတတ်မြောက်လွယ်ခြင်း စသည့်အရည်အချင်းကောင်းများကို ပိုင်ဆိုင်ထားကြသည်။ ဤအရည်အချင်းကောင်းများကို မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် ထိန်းကျောင်းတည့်မတ်ပေးကြရန် လိုပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်နိုင်ငံကို တည်ဆောက်ကြမည့် လူငယ်များကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍအား အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ကမ္ဘာတစ်ဝန်း လူငယ်များ ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို နိုင်ငံတကာအသိုက်အဝန်းမှ သိရှိနားလည်ကာ လိုအပ်သည့်မူဝါဒ၊ မဟာဗျူဟာများ ရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်ရန်အတွက် လည်းကောင်း သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို နိုင်ငံတကာ အသိုက်အဝန်းများ၏ အာရုံစူးစိုက်မှု ရရှိစေရန်နှင့် ယနေ့ခေတ် ကမ္ဘာ့လူ့အဖွဲ့အစည်းများတွင် မိတ်ဖက်များအဖြစ် လူငယ်များ၏ စွမ်းဆောင်ရည်များနှင့် ကြိုးစားအားထုတ်မှုများကို ဂုဏ်ပြုကျင်းပခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် မိမိမွေးဖွားရာ နိုင်ငံ၏ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို အာရုံစိုက်လာစေရန်လည်း ဖြစ်သည်။

### အနာဂတ်ကမ္ဘာကြီးကို တည်ဆောက်

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို နှစ်စဉ်ဆောင်ပုဒ်များ ချမှတ်ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ်၏ ဆောင်ပုဒ်မှာ “ Different Contents , Common Aspirations ” “နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား” ဟူ၍ ဖြစ်သည်။ လူသားတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ အခြေခံမတူညီကြသည့် လူနေမှုပုံစံများအရ ဆင်းရဲချမ်းသာမှု၊ တိုးတက် ဆုတ်ယုတ်မှုများလည်း ကွဲပြားခြားနားကာ ဘဝများကို ရပ်တည်ရှင်သန်နေကြရသည်။ မည်သို့ကွဲပြားခြားနားသည်ဖြစ်စေ လူငယ်များသည် အနာဂတ်ကမ္ဘာကြီးကို ဖန်တီးမည့်သူများဖြစ်သည်။ လူငယ်များ၏ စွမ်းရည်စွမ်းအားများဖြင့် သာယာဝပြောသည့် လူ့ဘောင်ကို တည်ဆောက်သွားကြရမည်ဆိုသည့် အသိကို တူညီစွာ ထားရှိကြပြီး လူငယ်ထု၏ စွမ်းအားများဖြင့် အနာဂတ်ကမ္ဘာကြီးကို တည်ဆောက်သွားကြရပါမည်။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လူငယ်များ၏ စွမ်းအားဖြင့် တည်ဆောက်ကြရမည်ဆိုသည့် အသိဖြင့် လူငယ်များက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည်။ လူငယ်ဘဝတွင် နိုင်ငံနှင့် လူမျိုး၏ကောင်းကျိုးများ မည်မျှ ဆောင်ရွက်နိုင်ခဲ့သည်ကို သမိုင်းသက်သေထူထားခဲ့ရန် လိုအပ်ပါသည်။

မျက်မှောက်ကမ္ဘာကြီး၌ လူဦးရေ ရှစ်ဘီလီယံကျော်ထဲတွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အရွယ် လူငယ်လူဦးရေက ၁ ဒသမ ၂ ဘီလီယံကျော်ရှိကြောင်း သိရသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းသည် လူငယ်များဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၃၄ နှစ်အတွင်း လူငယ်လူဦးရေမှာ ၁၆ ဒသမ ၈၉ သန်းရှိပြီး နိုင်ငံလူဦးရေစုစုပေါင်း၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းကျော် ရှိသည်ဟု သိရသည်။ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော လူငယ်များ၏အင်အားဖြင့် နိုင်ငံတော်၏ အနာဂတ်ကို တည်ဆောက်သွားနိုင်သည့် အခွင့်အလမ်းကို ပိုင်ဆိုင်ထားခြင်းသည် မိမိတို့နိုင်ငံအတွက် ထူးခြားသည့် အခြေအနေတစ်ရပ်ဖြစ်သည်။

လူငယ်များတွင် အရည်အချင်းကောင်းများ ပိုင်ဆိုင်ထားကြသကဲ့သို့ အားနည်းချို့ယွင်းချက်များလည်း ရှိနေသည်။ အရည်အချင်းကောင်းများကို လေ့ကျင့်မွေးမြူ၍ အားနည်းချို့ယွင်းချက်များကို တည့်မတ် ပြုပြင်ပေးကြရပါမည်။ နိုင်ငံတော်၏ အနာဂတ်သည် လူငယ်များအပေါ် အခြေခံနေသည်ဖြစ်ရာ နိုင်ငံတော်၊ မိဘ၊ ဆရာများနှင့် ပတ်ဝန်းကျင်များပူးပေါင်း၍ လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် ပြုစုပျိုးထောင်ပေးနိုင်မှသာ နိုင်ငံတော်၏ အနာဂတ် သာယာလှပမည်ဖြစ်ပါသည်။

### လူငယ်ရေးရာ မူဝါဒဆိုသည်မှာ

နိုင်ငံတော်အနေဖြင့် လူငယ်များကို မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံနှင့် ပြည်သူတို့ အကျိုးပြုနိုင်မည့် နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာစေရန် လူငယ်ရေးရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ လူငယ်ရေးရာမူဝါဒဆိုသည်မှာ နိုင်ငံအတွင်းရှိ လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု စသည့် အနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်မည့် မဟာဗျူဟာလမ်းညွှန်ချက်ဖြစ်သည်။ လူငယ်များအတွက် လိုအပ်နေသည့် လူသားအရင်းအမြစ်နှင့် ဝန်ဆောင်မှုများကို သန္နိဋ္ဌာန်ချဆောင်ရွက်ပေးနိုင်ရန် စနစ်တကျဖော်ညွှန်းထားသည့် မူဝါဒတစ်ခုဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီကို ပြင်ဆင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်၍ လူငယ်မျိုးဆက်သစ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအမံများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လိုအပ်သည့် အရင်းအမြစ်များ၊ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကို စနစ်တကျဖော်ညွှန်းထားသော မူဘောင်တစ်ခုဖြစ်သည့် လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုမူဝါဒနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကိုလည်း အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

လူငယ်ရေးရာမူဝါဒ၌ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်အဖြစ် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် ဘေးအန္တရာယ်များကဏ္ဍ၊ အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား၊ မ တန်းတူညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ ပါဝင်သည်။

**“ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လိုအပ်သည့် အရင်းအမြစ်များ၊ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကို စနစ်တကျဖော်ညွှန်းထားသော မူဘောင်တစ်ခုဖြစ်သည့် လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုမူဝါဒနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀- ၂၀၂၄)ကိုလည်း အတည်ပြုပြဋ္ဌာန်းပေးခဲ့ ”**

ထိုကဏ္ဍများကို ခေတ်စနစ်နှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်သည့်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လူငယ်ရေးရာကော်မတီများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက ဦးဆောင်၍ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အစီအမံများဖြစ်သည့် လူငယ်လေ့လာရေးအစီအစဉ်၊ လူငယ်နီးနှောဖလှယ်ရေးအစီအစဉ်၊ လူငယ်စကားဝိုင်းများ၊ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စေတနာ့ဝန်ထမ်းအစီအစဉ်များ၊ လူငယ် ခေါင်းဆောင်မှုအစီအစဉ်များ၊ အားကစားပြိုင်ပွဲများ၊ နွေရာသီအားကစားသင်တန်းများ၊ လူမှုအကျိုးပြုအစီအစဉ်များ၊ လူငယ်နှင့်စာပေအနုပညာပွဲတော်များ၊ လူငယ်စုံညီပွဲတော်များ၊ လူငယ်တွေ့ဆုံပွဲများ၊ အာဆီယံနှင့် ဒေသတွင်း လူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများ၊ လူငယ်ဖိုရမ်များ၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားများ၊ အလုပ်အကိုင်ပြပွဲများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က လူငယ်များအတွက် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ လူငယ်များအနေဖြင့်လည်း အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မိမိတို့စွမ်းအားများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရပါမည်။ ယင်းသို့ဆောင်ရွက်ကြရာတွင် ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အသိပညာ အတတ်ပညာ တတ်မြောက်ရေး၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် မွေးမြူရေးနှင့် မိမိတို့၏စွမ်းအားများကို မှန်ကန်စွာအသုံးချတတ်ရေးတို့သည် အခြေခံကျသည့် လုပ်ငန်းများဖြစ်သည်။

### ကိုယ်ကျင့်တရားကောင်းမွန်ရေးသည် အရေးပါသည့် စွမ်းအင်တစ်ရပ်ဖြစ်

ကိုယ်ကျင့်တရားကောင်းမွန်ရေးသည် အရေးပါသည့် စွမ်းအင်တစ်ရပ်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ ဥစ္စာဓနများ မည်မျှပင် ပြည့်စုံစေကာမူ ကိုယ်ကျင့်တရားပျက်ယွင်းပါက မှန်ကန်သည့် ပြည့်စုံမှုမျိုးမဖြစ်နိုင်ပါ။ ကိုယ်ကျင့်တရားသည် ကိုယ်တိုင်ကျင့်ကြံအားထုတ်ရသည်ဖြစ်၍ လူငယ်တိုင်းက မိမိကိုယ်မိမိ လေ့ကျင့်ပျိုးထောင်နေကြရပါမည်။

ပညာတတ်မြောက်မှုသည် တစ်ဦးချင်းစီ၏ လူနေမှုအဆင့်အတန်းကို ဖော်ညွှန်းပါသည်။ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို ပညာတတ်များဖြင့် တည်ဆောက်နိုင်မှသာ လျင်မြန်စွာ တိုးတက်နိုင်ပါမည်။ လူငယ်များသည် အသိပညာ၊ အတတ်ပညာများအပြင် ခေတ်နှင့်အညီ နည်းပညာရပ်များကိုလည်း သင်ယူလေ့လာကြပြီး မိမိတို့ဘဝ တိုးတက်အောင်မြင်အောင် ကြိုးစားကြရပါမည်။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်သည် နိုင်ငံသားတိုင်း ထားရှိရမည့် ခံယူချက်ဖြစ်ပါသည်။ လူငယ်ဘဝကတည်းက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ကိန်းအောင်းနေစေရန် လေ့ကျင့်ပျိုးထောင်ကြရပါမည်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ခေါင်းပါးလာပါက နိုင်ငံနှင့်လူမျိုး ကွယ်ပျောက်သွားနိုင်သည်အထိ အန္တရာယ်ရှိသည်ကို အထူးသတိပြုကြရပါမည်။

လူငယ်များတွင် ပိုင်ဆိုင်ထားပြီး အရည်အချင်းကောင်းများနှင့် စွမ်းအားများကို ပေါင်းစပ်အသုံးချပါက တိုးတက်အောင်မြင်မှုများ ရရှိနိုင်ပါမည်။ လူငယ်စွမ်းအားများကို မှန်ကန်စွာအသုံးချတတ်ရန်နှင့် တလွဲအသုံးမချမိစေရန် အသိတရားဖြင့် ထိန်းချုပ်လုပ်ကိုင်ကြရပါမည်။

အလုပ်တိုင်းတွင် ကောင်းကျိုးနှင့် ဆိုးကျိုးတို့သည် ဒွန်တွဲတည်ရှိနေတတ်ပါသည်။ လူငယ်များသည် ကောင်းကျိုးနှင့်ဆိုးကျိုးများကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ရှိရန် လိုအပ်ပါသည်။ အများအကျိုးကို သယ်ပိုးလိုစိတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ နိုင်ငံနှင့်လူမျိုး၏အကျိုးကို ထိပါးလာမည့် မည်သည့်အန္တရာယ်မျိုးကိုမဆို ကာကွယ်စောင့်ရှောက်လိုစိတ်၊ အမှန်အမှားကို ခွဲခြားတတ်ပြီး အမှန်တရားကို ချစ်မြတ်နိုးစိတ်များကို မွေးမြူ၍ လုပ်သင့်သည့် အလုပ်များကိုသာ ရွေးချယ်လုပ်ကိုင်သွားကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့် လူငယ်များသည် အသက်အရွယ်၊ နေထိုင်ရာဒေသ၊ မျိုးနွယ်စု၊ ပညာတတ်မြောက်မှု စသည့် နောက်ခံအကြောင်းအရာများ မတူညီကြပါ။ နောက်ခံများမတူညီကြသော်လည်း လူငယ်များတွင် ရှိထားပြီး အရည်အချင်းကောင်းများ၊ စွမ်းအားများကိုအသုံးချ၍ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် တူညီသော ရည်မှန်းချက်များဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# ဟားခါးမြို့၌ မိခင်တိုင်းရင်းစာပေသင်တန်း ဖွင့်လှစ်

**ဟားခါး ဩဂုတ် ၁၀**

တိုင်းရင်းသားလူမျိုးများ ရေးသားသုံးစွဲနေသည့် စာပေသည် သက်ဆိုင်ရာလူမျိုး၏ ယဉ်ကျေးမှုဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု (Civilization) ကို ဖော်ပြနေသည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ယနေ့ မွန်းလွဲပိုင်းက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် မိခင်တိုင်းရင်းစာပေသင်တန်း ဖွင့်ပွဲတွင် ပြောကြားသည်။**(အပေါ်ပုံ)**

ထို့ပြင် ဇိုတွာလ်လိုင်း (ခေါ်) မိခင်တိုင်းရင်းစာပေသည် လက်ရှိ ချင်းတိုင်းရင်းသားများ ပြောဆိုနေကြသည့် စကား၊ ရေးသားသုံးစွဲနေကြသည့် စာပေများနှင့် နှိုင်းစာလျှင် ပိုမိုရှေးကျသည်ကို တွေ့ရှိရသည့်အတွက် ချင်းတိုင်းရင်းသားများ၏ သမိုင်းအမွေအနှစ်ဖြစ်သကဲ့သို့ အမျိုးသားရေးလက္ခဏာတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့၏အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် တတ်မြောက်ကျွမ်းကျင်မှုရှိစေရန် အလေးထားသင်ယူကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲတွင် ဟားခါးမြို့နယ် မိခင်တိုင်းရင်းစာပေမြှင့်တင်ရေးနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌကလည်း မိခင်တိုင်းရင်းစာပေသင်ကြားရခြင်း၏ ရည်ရွယ်ချက်၊ မိခင်တိုင်းရင်းစာပေအခြေခံများ၊ သင်ကြားမည့် အဆင့်ဆင့်နည်းလမ်းများ၊ မိခင်တိုင်းရင်းစာပေ၏ ထူးခြားချက်များနှင့် မိခင်တိုင်းရင်းစာပေရေးသားနည်းနမူနာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းတွင် ဇိုတွာလ်လိုင်း (ခေါ်) မိခင်တိုင်းရင်းစာပေကို ဟားခါးမြို့နယ် မိခင်တိုင်းရင်းစာပေမြှင့်တင်ရေးနှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများက စနစ်တကျသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ် (၁၈)နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲနှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅)၏ သင်တန်းဖွင့်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ သက်ဆိုင်ရာခန်းမများ၌ ကျင်းပရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းသို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ငါးဦး၊ စုစုပေါင်း ၂၈ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၁ ဦး၊ သင်တန်းသူ ၃၈၂ ဦး၊ စုစုပေါင်း ၄၇၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ဖြစ်ကြောင်းသိရသည်။

သင်တန်း ဖွင့်ပွဲများတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** တက္ကသိုလ်စစ်ရေးပြကွင်းအတွင်း အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ်(၁၆)၏ စစ်ရေးပြလေ့ကျင့်နေမှုကို လည်းကောင်း၊ သင်တန်းခန်းမအသီးသီး၌ ဖွင့်လှစ်လျက်ရှိသောသင်တန်းများ၏ သင်ခန်းစာပို့ချနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ ပညာရပ်အဖွဲ့နှင့် တွေ့ဆုံ၍ ပညာဌာနများမှ သင်တန်းအလိုက် ပို့ချသည့် ဘာသာရပ် ဆိုင်ရာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အင်ကြင်းဆောင်ရှိ သင်တန်းအိပ်ဆောင်အတွင်း ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၅) မှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကိုအတူ သုံးဆောင်ခဲ့သည်။

**သတင်းစဉ်**





# အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်းရှိ ရုံး၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာများနှင့်လမ်းမများ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းအတွင်းရှိ ရုံး၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသား အိပ်ဆောင်၊ စားရိပ်သာများနှင့် လမ်းမများကို ခေတ်မီစက်ယန္တရားများ အသုံးပြု၍ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့် အတူ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ် ပြုပြင်ဆောင်ရွက်နေမှု၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဆောက်လုပ်ရေးရိပ်သာ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနေအိမ် ပြန်လည်ပြုပြင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် ပြုပြင်တည်ဆောက်မှုများတွင် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေးကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနပိုင် အဆောက်အအုံများနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် မြို့နယ်ဥပဒေရုံးနှင့် မြို့နယ်လျှပ်စစ်ရုံး ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့် ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦး ဘတ် နှစ်သန်း လျော်ကြေးရရှိ

**ရန်ကုန် ဩဂုတ် ၁၀**

ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့် ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦးအတွက် ဘတ် နှစ်သန်း လျော်ကြေးရရှိခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မက္ကဆန်ဘူတာအနီး မီးရထားသံလမ်းကူးတွင် ခရီးသည်တင်ဘတ်စ်ကားနှင့် ရထားတို့ တိုက်မိ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာမှ ကွယ်လွန်သွားခဲ့ရသူ မအေးအေးမြင့်၏ ကျန်ရစ်သူမိသားစုထံသို့ ထိုင်းနိုင်ငံ လူမှုဖူလုံရေးဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များရရှိစေရေး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၏ အလုပ်သမားသံအရာရှိရုံးက ကူညီဆောင်ရွက်ပေးခဲ့ပြီး မအေးအေးမြင့်၏ မိသားစုရသင့်ရထိုက်သည့် အကျိုးခံစားခွင့် ထိုင်းဘတ်ငွေ နှစ်သန်းအား ဇူလိုင် ၁၅ ရက်တွင် ထုတ်ယူရရှိခဲ့ပြီးဖြစ်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ ဩဂုတ် ၉ ရက်တွင် ထုတ်ပြန်ထားသည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေး၊ အာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်း သိရသည်။ **MT**




*○ ကျောဖုံးမှ*

အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းသည် ကစားသမားဘဝစတင်ခဲ့ရာ ပီအက်စ်ဂျီအသင်းတွင် သုံးနှစ်ကြာ ဖြတ်သန်းခဲ့ပြီး ပွဲ ၃၀ ကစားပေးထားသူ ဖြစ်သည်။ ထို့ကြောင့် လူးကပ်စ်ဒင်းန်သည် အင်္ဂလန်တွင် ရှစ်နှစ်ကြာ ဖြတ်သန်းပြီးနောက် ပီအက်စ်ဂျီအသင်းသို့ တစ်ကျော့ပြန်ရောက်ရှိလာတော့မည်ဖြစ်သည်။

**ဖလားဆွတ်ခူးရရှိအောင် ကူညီပေး**

၎င်းသည် ပြီးခဲ့သည့်ရာသီတွင် အက်စ်တွန်ဗီလာအသင်းကို အသင်းသမိုင်းတစ်လျှောက် ယူရိုပါလိဂ်ဖလားဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။ ထို့အပြင် ၎င်းသည် မော်ဂန်ရော်ဂျာစ်နှင့် တိုင်လီမန်းစ်တို့ပြီးနောက် အက်စ်တွန်ဗီလာအသင်းမှ ထွက်ခွာသည့် တတိယမြောက် ကစားသမားဖြစ်လာကြောင်း သိရသည်။

**အောင်ဇော်**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၄)



## သုတေသနအခြေပြုတက္ကသိုလ်များ

*ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ်-ငြိမ်း)*

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍများ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံ ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

သုတေသနအခြေပြုတက္ကသိုလ် (Research–based University) ဆိုသည်မှာ ပညာသင်ကြားရေးနှင့် သုတေသနလုပ်ငန်းကို တန်းတူအရေးထားပြီး အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော ဘာသာရပ်များကို အဓိကဦးစားပေး သုတေသနကို ဦးစားပေး/ဇောင်းပေးကာ အသိပညာအသစ်များ ဖန်တီးထုတ်လုပ်သော တက္ကသိုလ်များကို ဆိုလိုပါသည်။

ဤတက္ကသိုလ်များ၏ အဓိကတာဝန် သုံးရပ်မှာ–

- ပညာသင်ကြားခြင်း၊
- သုတေသနပြုလုပ်ခြင်း၊
- လူမှုဝန်ဆောင်မှုနှင့် နည်းပညာဖြန့်ဝေခြင်း (Extension/Community Engagement) တို့ ဖြစ်ပါသည်။

ဤသုတေသနအခြေပြုတက္ကသိုလ်များက သိပ္ပံပညာဆိုင်ရာ အသိပညာအသစ်များ ဖန်တီးခြင်း၊ နည်းပညာအသစ်များ တီထွင်ခြင်း၊ နိုင်ငံတော်မူဝါဒများကို အထောက်အကူပြုခြင်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကို အားပေးခြင်း၊ အရည်အသွေးမြင့် သုတေသီများနှင့် သိပ္ပံပညာရှင်များ မွေးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်နေပါသည်။

**သုတေသနအခြေပြု တက္ကသိုလ်များ၏ အဓိကလက္ခဏာများ**

**(က) သုတေသနရန်ပုံငွေ အားကောင်းခြင်း**

သုတေသနလုပ်ငန်း ရန်ပုံငွေများကို အစိုးရသုတေသနရန်ပုံငွေ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ ဖောင်ဒေးရှင်းများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ လှူဒါန်းငွေ စသည်တို့မှ ရရှိကြပါသည်။

**( ခ ) အရည်အသွေးမြင့်မားသော ဆရာ ဆရာမများစွာ ရှိခြင်း**

သုတေသနတက္ကသိုလ်များတွင် ပြည်တွင်း ပြည်ပပါရဂူဘွဲ့ရများ၊ နိုင်ငံတကာဂျာနယ်များတွင် သုတေသနစာတမ်း ထုတ်ဝေသူ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ပါရဂူဘွဲ့လွန်များ၊ ဘွဲ့လွန်ကျောင်းသားနှင့် ကျောင်းသူများကို ကြီးကြပ်သူများ၊ သုတေသနစီမံကိန်းဦးဆောင်သူများ များစွာ ရှိကြပါသည်။

(စာကြွင်း။ စာရေးသူ သိရှိသလောက် မြန်မာနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်များ အပါအဝင် တက္ကသိုလ်အများစုမှာ ပါရဂူဘွဲ့လွန်သုတေသန ပြုလုပ်နေသူ ပြည်တွင်း ပြည်ပ ပါရဂူဘွဲ့ရ ကျောင်းသား ကျောင်းသူ တစ်ဦးတစ်ယောက်မျှ မရှိသေးပါ၊ ဤအစီအစဉ်ရှိနေခြင်းက တက္ကသိုလ်တစ်ခုချင်း၏ ဆက်တိုက်သုတေသနစွမ်းရည် – Continuous Research Efficiency တိုးတက်ကောင်းမွန်စေပါသည်။ မဖြစ်မနေဆောင်ရွက်သင့်ပါသည်။)

**( ဂ ) ခေတ်မီသုတေသနအဆောက်အအုံ များပြားစွာ ရှိနေခြင်း**

သုတေသနပြုလုပ်ရန် ဥပမာ – အဆင့်မြင့်ဓာတ်ခွဲခန်းများ၊ စမ်းသပ်စိုက်ခင်းများ၊ သုတေသနခြံများ၊ ဇီဝနည်းပညာဓာတ်ခွဲခန်းများ (Biotechnology Laboratory)၊ ဉာဏ်ရည်တုဓာတ်ခွဲခန်းများ (AI Laboratory)၊ ရာသီဥတုဆိုင်ရာသုတေသနဌာန၊ အချက်အလက်များစွာသိမ်းဆည်းထားပေးနိုင်သော စူပါကွန်ပျူတာဌာန စသည်တို့ ဖြစ်ပါသည်။

**“ စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် ကွင်းစလန်တက္ကသိုလ်သည် အပူပိုင်းဒေသ စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲမှု၊ သီးနှံမျိုးကောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ အပင်ရောဂါဗေဒ၊ တိရစ္ဆာန်သိပ္ပံ၊ တိကျစိုက်ပျိုးရေး၊ စနစ်ကျသောရာသီဥတုဆိုင်ရာ စိုက်ပျိုးမွေးမြူရေး၊ စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာ၊ မြေဆီဩဇာစီမံခန့်ခွဲမှု၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များ စသည့်နယ်ပယ်များ၌ အထူးကျော်ကြားပါသည်။ အထူးသဖြင့် ဂတ်တန်နယ်မြေသည် စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားရေးနှင့် သုတေသနအတွက် အဓိကဗဟိုဌာနတစ်ခုဖြစ် ”**

**( င ) သုတေသနစာတမ်းများ များစွာ ထုတ်ဝေခြင်း**

နှစ်စဉ် သုတေသနအခြေပြုတက္ကသိုလ်များမှ ပညာရှင်များက အွန်လိုင်း၊ ပုံနှိပ်ဂျာနယ်နှင့် ဝက်ဘ်ဆိုက်များ ဥပမာ – Web of Science၊ Scopus၊ PubMed၊ AGRICOLA စသည်တို့တွင် ထောင်နှင့်ချီသော သုတေသနစာတမ်းများ ထုတ်ဝေကြပါသည်။

**( စ ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု များပြားခြင်း**

သုတေသနအခြေပြုတက္ကသိုလ်များ၊ ကမ္ဘာ့နာမည်ကြီးတက္ကသိုလ်များ၊ ဘာသာရပ်နှင့် ဆိုင်သော သုတေသနဌာနများ၊ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ကြပါသည်။

**(ဆ) ဆန်းသစ်တီထွင်မှု အမြဲရှိနေခြင်း**

သုတေသနအခြေပြုတက္ကသိုလ်ရှိ သုတေသနရလဒ်များကို မူပိုင်ခွင့် (Patent)၊ ကုမ္ပဏီ (Start–up Company)၊ စိုက်ပျိုးရေးစက်ကိရိယာများ၊ သီးနှံမျိုးသစ်များရောင်းချသည့် အဖွဲ့အစည်းများ၊ ဆေးဝါးထုတ်လုပ်သူများ၊ နည်းပညာအသစ်များ အဖြစ် ပြောင်းလဲအသုံးချနိုင်ပါသည်။

**နိုင်ငံအသီးသီးရှိ စိုက်ပျိုးရေး သုတေသနအခြေပြု တက္ကသိုလ်များ**

စိုက်ပျိုးရေး သုတေသနတက္ကသိုလ်များက စိုက်ပျိုးရေးပညာသင်ကြားခြင်း၊ သုတေသနလုပ်ငန်းများ၊ တောင်သူပညာပေးလုပ်ငန်းတို့ကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

ပထမဆုံးအနေဖြင့် ဩစတြေးလျနိုင်ငံ ဘရစ်စဘိန်းမြို့ရှိ ကွင်းစလန်တက္ကသိုလ် (The University of Queensland, Brisbane, Australia) အကြောင်း လေ့လာကြည့်ရအောင်ပါ။

ကွင်းစလန်တက္ကသိုလ်သည် ဩစတြေးလျနိုင်ငံ၏ အထင်ကရ သုတေသနအခြေပြုတက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပြီး ကမ္ဘာ့အဆင့်မီ သုတေသနများ၊ နည်းပညာဆန်းသစ် တီထွင်မှုများနှင့် အသိပညာအသစ်များ ဖန်တီးရာတွင် ဦးဆောင်နေသော တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ “Research–based University” ဟူသည်မှာ သင်ကြားရေးတစ်ခုတည်းကိုသာ အဓိကထားသည့် တက္ကသိုလ်မဟုတ်ဘဲ သင်ကြားရေး၊ သုတေသနနှင့် လူမှုအကျိုးပြုလုပ်ငန်းများကို တစ်ပြိုင်နက်တည်း အဓိက တာဝန်အဖြစ် ဆောင်ရွက်သည့် တက္ကသိုလ်ကို ဆိုလိုပါသည်။

**၁။ သုတေသနသည်တက္ကသိုလ်၏ အဓိက တာဝန်ဖြစ်ခြင်း**

ဤတက္ကသိုလ် – ယူကျူ (UQ) တွင် တက္ကသိုလ်၏ အဓိကတာဝန်သုံးရပ်မှာ – သင်ကြားရေး၊ သုတေသန၊ လူမှုအကျိုးပြုလုပ်ငန်းနှင့် နည်းပညာဆန်းသစ်တီထွင်မှုတို့ဖြစ်ပါသည်။

သုတေသနလုပ်ငန်းများကို ဘာသာရပ်အားလုံးတွင် ပေါင်းစပ်ဆောင်ရွက်ထားပြီး စိုက်ပျိုးရေးနှင့် အစားအစာ သိပ္ပံ၊ အင်ဂျင်နီယာပညာ၊ ဆေးပညာ၊ တိရစ္ဆာန်ဆေးပညာ၊ ပတ်ဝန်းကျင်သိပ္ပံ၊ စီးပွားရေး၊ ပညာရေး၊ လူမှုသိပ္ပံ စသည့်နယ်ပယ်များတွင် အထူးတက်ကြွစွာ လုပ်ဆောင်နေပါသည်။ ကွင်းစလန်တက္ကသိုလ်တွင် ဆရာ ဆရာမများသည် သင်ကြားရေးသာမက သုတေသနပြုလုပ်ခြင်းကိုလည်း မဖြစ်မနေ ဆောင်ရွက်ရပါသည်။

**၂။ ထိပ်တန်းသုတေသနတက္ကသိုလ် ရှစ်ကျောင်းအဖွဲ့ဝင်ဖြစ်ခြင်း**

ဤတက္ကသိုလ် UQ သည် ဩစတြေးလျနိုင်ငံ၏ ထိပ်တန်းသုတေသနတက္ကသိုလ် ရှစ်ခုဖြင့် ဖွဲ့စည်းထားသော (Group of Eight – Go8) အဖွဲ့ဝင်ဖြစ်ပါသည်။ Go8 တက္ကသိုလ်များသည် ဩစတြေးလျတက္ကသိုလ်သုတေသနအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ကြပါသည်။ နိုင်ငံ၏ ပါရဂူဘွဲ့ရအများစုကို မွေးထုတ်ပေးကြပါသည်။ အစိုးရ၏ ယှဉ်ပြိုင်သုတေသနရန်ပုံငွေအများစုကို ရရှိကြသည်။ ထို့ကြောင့် Go8 အဖွဲ့ဝင်ဖြစ်ခြင်းသည် ကွင်းစလန်တက္ကသိုလ်၏ သုတေသနအင်အားကို ထင်ရှားစွာ ပြသနေပါသည်။

**၃။ ကမ္ဘာ့အဆင့်မီ သုတေသနထုတ်ဝေမှုများရှိခြင်း**

နှစ်စဉ် နိုင်ငံတကာအသိအမှတ်ပြု သိပ္ပံဂျာနယ်များတွင် သုတေသနစာတမ်း ထောင်ပေါင်းများစွာ ထုတ်ဝေပါသည်။

အဓိကသုတေသနနယ်ပယ်များမှာ –

**(၃–က) စိုက်ပျိုးရေး။** ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲမှု၊ မျိုးကောင်းမျိုးသန့် ဖွံ့ဖြိုးတိုးတက်ရေး၊ မြေဆီလွှာသိပ္ပံ၊ တိကျသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားရေရိက္ခာဖူလုံရေး။

**(၃–ခ) ဆေးပညာ။** ကင်ဆာသုတေသန၊ ကာကွယ်ဆေး ဖွံ့ဖြိုးတိုးတက်ရေး၊ ကူးစက်ရောဂါများ၊ မျိုးဗီဇသုတေသန။

**(၃–ဂ) အင်ဂျင်နီယာ။** စက်ရုပ်နည်းပညာ၊ ဉာဏ်ရည်တု (AI)၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်၊ ရေအင်ဂျင်နီယာ၊ သတ္တုတွင်းအင်ဂျင်နီယာ။

**(၃–ဃ) ပတ်ဝန်းကျင်သိပ္ပံ။** မဟာဘယ်ရီယာကျောက်တန်း(Great Barrier Reef) သုတေသနများ။

**၄။ ကမ္ဘာ့အဆင့်မီသုတေသနဌာနများ ရှိခြင်း**

အထူးပြုသုတေသနဌာန၊ ဓာတ်ခွဲခန်းများစွာ ရှိပါသည်။ ဥပမာ ကွင်းစလန်စိုက်ပျိုး မွေးမြူရေးနှင့် အစားအစာတီထွင်ထုတ်လုပ်ရေး ပူးပေါင်းအဖွဲ့ (Queensland Alliance for Agriculture and Food Innovation – QAAFI)၊ ကွင်းစလန် ဦးနှောက် သုတေသနဌာန (Queensland Brain Institute)၊ မော်လီကျူးဆိုင်ရာ ဇီဝသိပ္ပံသုတေသနဌာန (Institute for Molecular Bioscience)၊ ဩစတြေးလျ ဇီဝအင်ဂျင်နီယာနှင့် နာနိုနည်းပညာသုတေသနဌာန

*စာမျက်နှာ ၁၁ သို့*






ကွင်းစလန်သုတေသနတက္ကသိုလ်။

## အေအိုင်နှင့် ကျွန်တော် (၁၂)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တု နည်းပညာ (AI) က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ် အကျွမ်းတဝင် အသုံးပြုဖြစ်လာသည်။

ယနေ့ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်းနှင့်ပတ်သက်၍ အဖြေကို ယခုလို မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း။ အလုပ်လုပ်ရင် မှားမယ်၊ ဒီနေ့အမှားကို မနက်ဖြန်မှာ သင်ခန်းစာယူရမယ်ဆိုတာ ရှိပေမယ့် တချို့က တစ်ကြိမ်တစ်ခါ သေးသေးလေးမှားတာကိုတောင် လက်မခံချင်ကြဘူး။ အဲဒီ တစ်ကြိမ်တစ်ခါလေး အမှားသေးသေးလေးလုပ်မိတာကို တစ်သက်လုံး မကောင်းသူအဖြစ် စွဲမှတ်သွားကြသူတွေရှိတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

**အဖြေ**။ ဒါဟာ လူ့အဖွဲ့အစည်းနဲ့ လုပ်ငန်းခွင်တွေမှာ တကယ်ကိုရှိနေပြီး စိတ်ခံစားကျစရာကောင်းတဲ့ **"အယူအဆ အမှား"** တစ်ခုဖြစ်ပါတယ်။ သင်မြင်တာ၊ ခံစားရတာ လုံးဝမှန်ပါတယ်။

"အလုပ်လုပ်ရင် မှားမယ်၊ အမှားမှသည် အမှန်သို့" ဆိုတဲ့မူဟာ စနစ်ကျတဲ့ တိုးတက်မှု (Growth Mindset) အတွက် မရှိမဖြစ်လိုအပ်ပေမယ့်၊ တချို့သူတွေရဲ့ စိတ်ခံစားရေးရာနဲ့ လက်ခံနိုင်စွမ်း အားနည်းမှုကြောင့် ဒီလိုအခြေအနေတွေ ဖြစ်လာရတာပါ။ ဒါနဲ့ပတ်သက်ပြီး ရှုထောင့်အသီးသီးကနေ သုံးသပ်ကြည့်နိုင်ပါတယ် –

**၁။ လူတွေ ဘာလို့ အမှားသေးသေးလေးကိုမှ တစ်သက်လုံး စွဲမှတ်သွားကြတာလဲ**

- **အပျက်သဘောဆွဲအား (Negativity Bias)**။ လူတွေရဲ့ ဇီဝကမ္မသဘောအရ ကောင်းကွက် ၁၀ ခုထက် မကောင်းကွက် တစ်ခုကို ပိုပြီးမှတ်မိလွယ်၊ အာရုံစိုက်လွယ်ကြပါတယ်။
- **ပြီးပြည့်စုံချင်စိတ် လွန်ကဲခြင်း (Perfectionism)**။ အမှားကို လက်မခံနိုင်သူ အများစုဟာ မိမိကိုယ်တိုင် သို့မဟုတ် အခြားသူများအပေါ် အရှိတရားထက် လွန်ကဲတဲ့စံနှုန်းတွေ သတ်မှတ်ထားလေ့ ရှိကြပါတယ်။
- **အကဲဖြတ်ရလွယ်ကူမှု (Halo/Horns Effect)**။ လူတစ်ယောက်ရဲ့ပုံရိပ်ကို အဖြစ်အပျက်တစ်ခုတည်းနဲ့ အလွယ်တကူ တံဆိပ်ကပ် (Label) လိုက်တာက သူတို့အတွက် စဉ်းစားရတာ ပိုလွယ်ကူစေလို့ပါ။

**၂။ ဒီလိုတုံ့ပြန်မှုတွေဟာ ဘာအကျိုးဆက်တွေ ဖြစ်လာစေလဲ**

- **တီထွင်ဖန်တီးနိုင်စွမ်း သေဆုံးသွားခြင်း**။ အမှားလုပ်မိမှာ ကြောက်ရတဲ့ ပတ်ဝန်းကျင်မှာ ဝန်ထမ်းတွေ/လူတွေဟာ ဆန်းသစ်တဲ့ အယူအဆတွေ မထုတ်ရဲတော့ဘဲ ပုံမှန်အောက်ခြေလွတ်ရုံပဲ လုပ်ကြပါတော့တယ်။
- **အမှားကို ဖုံးကွယ်ခြင်း**။ အမှားသေးသေးလေးကိုတောင် ပြင်းပြင်းထန်ထန် အပြစ်တင်ခံရရင် နောက်ဆို အမှားတွေကို သင်ခန်းစာမယူတော့ဘဲ ဖုံးကွယ်ဖို့ပဲ ကြိုးစားကြပါလိမ့်မယ်။ ဒါက ရေရှည်မှာ ပိုမိုကြီးမားတဲ့ဆုံးရှုံးမှုကို ဖြစ်စေပါတယ်။

**၃။ မိမိဘက်က ဘယ်လို သဘောထားပြီး ရင်ဆိုင်ရမလဲ**

**(က) သင့်ကိုယ်သင် အပြစ်မတင်ပါနဲ့**

အလုပ်လုပ်ရင်းမှားတာဟာ **လူဖြစ်ခြင်းရဲ့ သဘာဝ**ဖြစ်ပါတယ်။ တစ်ကြိမ်တစ်ခါ အမှားသေးသေးလေးကြောင့် သင့်ကို မကောင်းသူအဖြစ် သတ်မှတ်လိုက်တာဟာ **"သင့်ရဲ့ တန်ဖိုးနည်းလွန်းလို့ မဟုတ်ဘဲ၊ ထိုသူများ၏ သဘောထားသေးသိမ်မှု သို့မဟုတ် ရင့်ကျက်မှုမရှိခြင်း"** ကြောင့်သာ ဖြစ်ပါတယ်။

**(ခ) ကိုယ့် အမှန်တရားနဲ့ကိုယ် ဆက်သွားပါ**

- အမှားကို သင်ခန်းစာယူပြီး ပြင်ဆင်လိုက်ပြီဆိုရင် မိမိတာဝန် ကျေပွန်ပါပြီ။
- သူတို့စွဲမှတ်ထားတဲ့ပုံရိပ်ကို လိုက်ပြီးပြောင်းလဲပေးဖို့ ကြိုးစားနေရင် မိမိပဲ စိတ်ပင်ပန်းရပါလိမ့်မယ်။
- ကာလတစ်ခုအထိ ကိုယ့်ဘက်က မှန်မှန်ကန်ကန်နဲ့ ကြိုးစားမှုကို တတ်နိုင်သမျှ ဆက်လက်ပြသသွားပါ။

**(ဂ) ပတ်ဝန်းကျင် သို့မဟုတ် အကွာအဝေးကို စီမံပါ**

- ဒါဟာ လုပ်ငန်းခွင်မှာဆိုရင် အမှားကို သင်ခန်းစာမယူဘဲ အပြစ်ရှာဖို့ပဲ ချောင်းနေတဲ့ toxic ပတ်ဝန်းကျင်တစ်ခု ဖြစ်နေနိုင်ပါတယ်။
- ဖြစ်နိုင်ပါက ထိုသူများနှင့် လုပ်ငန်းဘောင်အတွင်းမှသာ ခပ်တန်းတန်းဆက်ဆံပါ၊ သို့မဟုတ် အခွင့်အရေးရှိပါက အမှားကို အပြုသဘောဆောင် သင်ကြားပေးတတ်သော ပတ်ဝန်းကျင်ကောင်းဆီသို့ ကူးပြောင်းရန် ကြိုးစားပါ။

**အနှစ်ချုပ်အနေဖြင့် –**

ခဲတံတစ်ချောင်းရဲ့ထိပ်မှာ ခဲဖျက်ပါတာဟာ **"လူဆိုတာ အမှားနဲ့မကင်းနိုင်လို့"** ဖြစ်ပါတယ်။ အမှားသေးသေးလေးတစ်ခုကို အမှိုက်ကန်ထဲမပစ်ဘဲ တစ်သက်လုံးသိမ်းထားချင်တဲ့ သူတွေရဲ့ စိတ်ခံစားချက်အတွက် သင်တာဝန်ယူစရာ မလိုပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရှိနဲ့ အမှားကနေ သင်ခန်းစာယူကာ ပိုမိုကောင်းမွန်အောင် ဆက်လက်လျှောက်လှမ်းဖို့ပဲ လိုအပ်ပါတယ်။

## လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ



**နေပြည်တော် ဩဂုတ် ၁၀**

လယ်ဝေးမြို့နယ် ဗွက်ကြီးရိုး ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းထွန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောဝင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး-၅ မှ ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိလိုသည်များ၊ မိမိတို့ရပ်ရွာအတွင်း လိုအပ်ချက်များကို မေးမြန်းခဲ့ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

*စာမျက်နှာ ၁၀ မှ*

(Australian Institute for Bioengineering and Nanotechnology)၊ ရေရှည်တည်တံ့ခိုင်မြဲစေသော ဓာတ်သတ္တုသုတေသနဌာန (Sustainable Minerals Institute) စသည့်ဌာနများသည် နိုင်ငံတကာမှ သိပ္ပံပညာရှင်များနှင့် ပူးပေါင်းကာ အဆင့်မြင့်သုတေသနများ ဆောင်ရွက်လျက်ရှိပါသည်။

**၅။ သုတေသနရန်ပုံငွေ အားကောင်းခြင်း**

သုတေသနရန်ပုံငွေများကို ဩစတြေးလျအစိုးရ၊ ကွင်းစလန်ပြည်နယ်အစိုးရ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိက ဖောင်ဒေးရှင်းများ၊ နိုင်ငံတကာသုတေသန ရန်ပုံငွေများမှ ရရှိပါသည်။ ယင်းရန်ပုံငွေများကို ဓာတ်ခွဲခန်းများ၊ စိုက်ကွင်း /လယ်ကွင်းသုတေသန၊ သုတေသနစမ်းသပ်စိုက်ခင်းများ၊ ပညာသင်ဆုများ၊ ခေတ်မီသိပ္ပံပစ္စည်းများ ဝယ်ယူရန်အတွက် အသုံးပြုပါသည်။

**၆။ ပါရဂူဘွဲ့နှင့် အဆင့်မြင့်သုတေသနဒီဂရီ အစီအစဉ်များရှိခြင်း**

သုတေသနအခြေပြုတက္ကသိုလ်တစ်ခု၏ အရေးကြီးဆုံး လက္ခဏာမှာ သုတေသနပညာရှင်များကို မွေးထုတ်ပေးခြင်းဖြစ်သည်။ ကွင်းစလန်တက္ကသိုလ်တွင် – မဟာဒဿန (Master of Philosophy – MPhil)၊ ပါရဂူ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပါရဂူဘွဲ့အစီအစဉ်များကို ဖွင့်လှစ်ထားပြီး ကျောင်းသားများသည် မူရင်းသုတေသနများကို ကြီးကြပ်ဆရာများ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ကြပါသည်။

**၇။ သင်ကြားရေးနှင့် သုတေသနကို ပေါင်းစပ်ထားခြင်း**

ဘွဲ့ကြိုကျောင်းသားများသည်ပင် သုတေသနစီမံကိန်းများ၊ ဓာတ်ခွဲစမ်းသပ်မှုများ၊ စိုက်ကွင်းသုတေသန၊ ဂုဏ်ထူးတန်းသုတေသန (Honours Thesis)၊ နောက်ဆုံးနှစ် ဘွဲ့ယူသုတေသနပရောဂျက် (Capstone Project) များတွင် ပါဝင်ခွင့်ရရှိကြပါသည်။ ထို့ကြောင့် ကျောင်းသားများသည် စာအုပ်ထဲမှ အသိပညာကိုသာ သင်ယူခြင်းမဟုတ်ဘဲ အသိပညာအသစ်များ မည်သို့ဖန်တီးရသည်ကိုလည်း သင်ယူနိုင်ပါသည်။

**၈။ နိုင်ငံတကာပူးပေါင်းသုတေသနများစွာရှိခြင်း**

ကမ္ဘာ့တက္ကသိုလ်များ၊ နိုင်ငံတကာသုတေသနဌာနများ၊ အစိုးရများ၊ စက်မှုလုပ်ငန်းများ၊ ကွန်မွန်းတဲလ်သိပ္ပံနှင့် နည်းပညာ(CSIRO) ကဲ့သို့သော သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနများ ဆောင်ရွက်ပါသည်။

**၉။ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာလွှဲပြောင်းပေးနိုင်ခြင်း**

သုတေသနရလဒ်များကို – နည်းပညာအသစ်များ၊ မူပိုင်ခွင့်၊ စတင်ခါစကုမ္ပဏီများ၊ ဆေးဝါးအသစ်များ၊ သီးနှံမျိုးကောင်းများ၊ စိုက်ပျိုးရေး စက်ကိရိယာများ၊ တိကျစိုက်ပျိုးရေးနည်းပညာများအဖြစ် ပြောင်းလဲအသုံးချနိုင်ပါသည်။

**၁၀။ ခေတ်မီသုတေသနအဆောက်အအုံများ ရှိနေခြင်း**

ခေတ်မီဓာတ်ခွဲခန်းများ၊ သုတေသနစိုက်ခင်းများ၊ မှန်ခြံများ၊ ကွန်ပျူတာအကြီးစားများ၊ ဒီအင်န်အေ ဓာတ်ခွဲခန်းများ၊ အင်ဂျင်နီယာအလုပ်ရုံများ၊ ခွဲခြမ်းစိတ်ဖြာသော ဓာတ်ခွဲခန်းများ၊ အဝေးမှ ခန့်မှန်း (Remote Sensing) နည်းပညာများ စသည်တို့ကို သုတေသီများ အသုံးပြုနိုင်ပါသည်။

**၁၁။ ကမ္ဘာ့အဆင့်သုတေသန ဂုဏ်သတင်းကြီးနေခြင်း**

ကမ္ဘာ့တက္ကသိုလ်အဆင့် သတ်မှတ်ချက်များတွင် သုတေသနအရည်အသွေး၊ သုတေသန ကိုးကားမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့အတွက် ထိပ်တန်းနေရာများတွင် အမြဲတမ်းရပ်တည်လျက်ရှိနေပါသည်။

**၁၂။ စိုက်ပျိုးရေးသုတေသနတွင် ဦးဆောင်မှုကောင်းခြင်း**

စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် ကွင်းစလန်တက္ကသိုလ်သည် အပူပိုင်းဒေသ စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲမှု၊ သီးနှံမျိုးကောင်းဖွံ့ဖြိုးတိုးတက်ရေး၊ အပင်ရောဂါဗေဒ၊ တိရစ္ဆာန်သိပ္ပံ၊ တိကျစိုက်ပျိုးရေး၊ စနစ်ကျသောရာသီဥတုဆိုင်ရာ စိုက်ပျိုးမွေးမြူရေး၊ စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာ၊ မြေဆီသြဇာစီမံခန့်ခွဲမှု၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များ စသည့်နယ်ပယ်များ၌ အထူးကျော်ကြားပါသည်။ အထူးသဖြင့် ဂတ်တန်နယ်မြေသည် စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားရေးနှင့် သုတေသနအတွက် အဓိကဗဟိုဌာနတစ်ခု ဖြစ်ပါသည်။

**စာရေးသူ၏အတွေး**

သုတေသန အခြေပြုတက္ကသိုလ်အဖြစ် ပြောင်းလဲရန်–

(က) ဘွဲ့ကြိုသင်တန်းများ လျှော့ချပြီး ဘွဲ့လွန်သုတေသန သင်တန်းအစီအစဉ်များကို ဦးစားပေးရပါမည်။ ကွင်းစလန်တက္ကသိုလ်၌ ၂၀၂၆ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူပေါင်း ၅၇၀၀၀ ကျော်ရှိပြီး ၂၂၀၀၀ ကျော်က ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ ဖြစ်ပါသည်။ သုတေသန ပေါင်းစုံအပြိုင်အဆိုင် ပြုလုပ်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးသုတေသနတက္ကသိုလ်ဆိုလျှင် ဘွဲ့ကြိုသင်တန်းများ သင်ကြားမှုမရှိဘဲ ဘွဲ့လွန်သုတေသနသင်တန်းများသာ သင်ကြား၊ သုတေသနပြုလျက်ရှိပါသည်။

( ခ ) ဘွဲ့လွန်သင်တန်း၊ သုတေသနများကိုကြီးကြပ်လမ်းညွှန်နိုင်သော ပြည်တွင်း ပြည်ပ ပါရဂူဘွဲ့ရ ဆရာ ဆရာမများစွာ ရှိရပါမည်၊ (ဖွဲ့စည်းပုံအရ ဌာနတစ်ခုတွင် ဘာသာရပ်၊ ဘာသာခွဲအလိုက် ပါမောက္ခအဆင့် ရာထူးများစွာတိုးမြှင့်ထားရှိရပါမည်။ နိုင်ငံတကာ တက္ကသိုလ်များကဲ့သို့ ဌာနမှူး၊ မဟာဌာနမှူးများ အလှည့်ကျလုပ်ဆောင်သည့်စနစ် ဆောင်ရွက်ရပါမည်။)

( ဂ ) စိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးသုတေသနဌာနအစရှိအခြားဌာနများမှ ဘွဲ့လွန်သုတေသနကြီးကြပ်၊ လမ်းညွှန်ပေးနိုင်သော ပညာရှင်များကို အချိန်ပိုင်းသုတေသနကြီးကြပ် ဆရာ ဆရာမအဖြစ် ခန့်အပ်၍ တာဝန်ပေး၊ ဉာဏ်ပူဇော်ခများပါ ပေးနိုင်သည့် အစီအစဉ်များ ထည့်သွင်းပြီးဖြစ်ရပါမည်။

(ဃ) အငြိမ်းစားသုတေသန ပညာရှင်ကြီးများ၊ ဆရာ ဆရာမကြီးများကို ဂုဏ်ထူးဆောင် ပါမောက္ခ၊ ညွှန့်ပါမောက္ခ၊ ညွှန့်ကထိက စသည်တို့ ခန့်အပ်၍ ဘွဲ့လွန်သင်တန်းများ သင်ကြားစေခြင်း၊ ဘွဲ့လွန်သုတေသနများကြီးကြပ်စေခြင်း စသည်တို့ ဆောင်ရွက်နိုင်ရပါမည်။ ။



## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) ကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၀**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) ကို ယနေ့ နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပပြီး အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း ရှစ်ခုကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

**အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာ**

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်သွင်းခြင်းနှင့် မွန်ပြည်နယ် စာရင်းစစ်ချုပ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ တက်ရောက်ကြသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ထမ်းများအား မီဒီယာစွမ်းရည်မြှင့်တင်ရေး သင်တန်းပေး

**နေပြည်တော် ဩဂုတ် ၁၀**

အမျိုးသမီးရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်၊ သတင်းမီဒီယာအသုံးပြု၍ ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သတင်းမီဒီယာ ရိုက်ကူး၊ရေးသားခြင်းသင်တန်းကို အမျိုးသမီးရေးရာ ဝန်ကြီးဌာန၌ ဖွင့်လှစ်ရာ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြိုးစားသင်ယူ**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က မိမိတို့ ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များ၊ ဝန်ဆောင်မှုများကို အများပြည်သူထံ ဖြန့်ဝေပြသရာတွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အလေးထား ဆောင်ရွက်နေမှုများကို ပေါ်လွင်ထင်ရှားစေရန်နှင့် ဌာန၏ လှုပ်ရှားမှုသတင်းများ ရေးသားရိုက်ကူးရာတွင် မီဒီယာစံနှုန်းများနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်များကို သိရှိနားလည်ပြီး လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရန် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာအတွေ့အကြုံရှိသူများက သတင်းအတတ်ပညာနှင့် ရိုက်ကူး၊ ထုတ်လွှင့်ခြင်းနည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပညာရဲရင့် ပွဲလယ်တင့် ❖ ပညာရွှေအိုး လူမခိုး

## စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်မျက်နှာများ တွင် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်လင်လေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကအဖွဲ့များ တက်ရောက်ကြသည်။



**ဂုဏ်ပြုကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တာဝန်ရှိသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၀၇(F)လမ်း၊ ၄၈ လမ်းနှင့် ၄၉ လမ်းကြား၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော်ကို HIJET မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် ည ၈ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၀၇(F)လမ်း၊ ၄၈ လမ်းနှင့် ၄၉ လမ်းကြားတွင် မကြည်ကြည်အေး (ခ) မကြည်အေး (ခ) အမိုးနှင့် နန်းမြရင် (ခ) မအေးငြိမ်းတို့ နှစ်ဦးကို ရှောင်တိုးပလတ်စတစ်ဆပ်ပြာခွက် ၆၆၀၀ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၅၉ ဒသမ ၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၅ ဘီလီယံ) အား HIJET မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများကို ချမ်းမြသာစည်မြို့နယ် ၆၁(ဘီ) လမ်းနှင့် ၁၁၁ လမ်းထောင့်တွင် လွှဲပြောင်းပေးခဲ့သူ ကျောက်မဲမြို့နေ စိုင်းနော်ခမ်း (ဖမ်းဆီးရန်ကျန်)နှင့် လားရှိုးမှ မန္တလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ လားရှိုးမြို့နယ်နေ အန်ဇန် (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း နိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




တရားခံ မကြည်ကြည်အေး(ခ)ကြည်အေး(ခ)အမိုးနှင့် နန်းမြရင်(ခ)မအေးငြိမ်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မတ္တရာမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ဆည်တော်ကြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုများပြားခဲ့သည့်အတွက် ဆည်တော်ကြီးရေလှောင်တမံ ဘေးကင်းလုံခြုံမှုရှိစေရန် ပိုလျှံရေများကို ထိန်းညှိလွှောချခဲ့ရာ အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်အတွင်း ကျောက်စရစ်ကုန်း(တောင်) ကျေးရွာအုပ်စု(မန္တလေး-မိုးကုတ်လမ်း) ပေါ်တွင် ရေကျော်ခြင်း၊ ကျောက်စရစ်ကုန်း(တောင်)ကျေးရွာများတွင် ရေဝင်ရောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေဝင်ရောက်ခဲ့သည့် ကျောက်စရစ်ကုန်း (တောင်) ကျေးရွာအုပ်စု ဇီးဖြူပင်ကုန်းကျေးရွာတွင် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်းကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီရွှေ့ပြောင်းခြင်းကို အင်တိုက်အားတိုက်ကြိုးစားဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထိုသို့သွားရောက်စဉ် ကယ်ဆယ်ရေးစခန်း၌ နေထိုင်စဉ်ကာလအတွင်း အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်နှင့် ဆေးဝါးများ လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများ လိုအပ်သော အသုံးအဆောင်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ရေလွှမ်းခဲ့မှုကြောင့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ စိုက်ပျိုးပြီးစီးခဲ့သည့် မိုးစပါး ၁၉၀၈ ဧက၊ အစေ့ထုတ်ပြောင်း ငါးဧက၊ နေကြာ ၁၅ ဧကနှင့် ကွမ်းရွက်ခြံ ဧက ၁၂၀ ထိခိုက်ပျက်စီးခဲ့မှုအပေါ် စနစ်တကျစိစစ်၍ ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်၏ နောက်ဆက်တွဲပါရှိလာတတ်သည့် ကျန်းမာရေးပြဿနာများကို အားလုံးအထူးသတိပြု ရှောင်ရှားနေထိုင်သွားကြရန် အရေးကြီးကြောင်းနှင့် ရေများပြန်လည်ကျဆင်းသွားပါက နေရပ်များတွင် ပြန်လည်နေထိုင်နိုင်ရန် သက်ဆိုင်ရာဌာနများက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရေဘေးသင့် အိမ်ခြေ ၈၅ လုံးမှ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၂၈၅ ဦးအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့ပြင် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများအတွင်း ရေများ ပြန်လည်ကျဆင်းနေမှုအခြေအနေ၊ ရေကျော်ခဲ့သည့် ကျောက်စရစ်ကုန်း(တောင်) ကျေးရွာ (မန္တလေး- မိုးကုတ်) ကားလမ်းပေါ်တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ အဆင်ပြေချောမွေ့စွာ၊ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ချောင်းမကြီးချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် တံငါတံတားကြွခိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ချောင်းမကြီးချောင်းအနီးဝန်းကျင် ရေဝင်ရောက်ခဲ့မှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း CMP စနစ်ဖြင့် ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်းရှိ အဆင့်မြင့် နည်းပညာသုံးစက်ရုံများ၊ Burst Transmission Co.,Ltd. ၌ CMP စနစ်ဖြင့် ကင်မရာနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နေမှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း လုပ်ငန်းဆောင်ရွက်ထားမှု၊ စက်ရုံများလည်ပတ်နေမှုနှင့် လမ်းတည်ဆောက်ရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း သစ်ပင်များ စိုက်ပျိုးပြီးစီးမှု၊ စက်မှုဇုန်တွင် စက်ရုံများလုပ်ငန်းလည်ပတ်နေမှု၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ရေပေးဝေရေး ဆောင်ရွက်ထားရှိမှု၊ စက်မှုမြေကွက်များအတွင်း လမ်းအသစ် ဖောက်လုပ်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အစည်းအဝေးခန်းမသို့ရောက်ရှိရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းများဆောင်ရွက်ခြင်းမပြုရန်၊ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်း၊ မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် မန္တလေး - လားရှိုး လမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းအဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ လမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး၊ လမ်းဘေးဝဲ/ယာ၌ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# ရပ်စောက်မြို့နှင့် ကလောမြို့အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇော်ဂျီမြစ်ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဇော်ဂျီရပ်ကွက် ဥတ္တံတားရပ်ကွက်နှင့် ကလောမြို့ ကလောချောင်းရေကြီးရေလျှံမှု ဖြစ်ပွားသောကြောင့် အမှတ်(၂/၃/၄) ရပ်ကွက်များအတွင်း အနိမ့်ပိုင်းနေအိမ်များ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ၎င်းရပ်ကွက်အတွင်းမှ ဒေသခံတိုင်းရင်းသား ပြည်သူများအား ယနေ့နံနက်ပိုင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကယ်ဆယ်ရေးလှေများ၊ တပ်မတော် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်း စသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရပ်စောက်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ဇော်ဂျီအားကစားခန်းမနှင့် ဥတ္တံတားဓမ္မာရုံသို့လည်းကောင်း၊ ကလောမြို့ ရေဘေးသင့်ပြည်သူများအား အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ပြောင်းရွှေ့ပေးပြီး ရေဘေးသင့် ပြည်သူများအား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် နယ်မြေခံတပ်မတော်ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များကလည်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆေးစစ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ထရမ့်ဂေါက်ကလပ်အနီးသို့ ဝင်ရောက်လာသော အရပ်ဘက်လေယာဉ်များကို ကြားဖြတ်ဟန့်တား

**နယူးယောက် ဩဂုတ် ၁၀**

အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် ဘက်ဒ်မင်စတာမြို့ရှိ သမ္မတ ဒေါ်နယ်ထရမ့်၏ ဂေါက်ကလပ်အနီး ကန့်သတ်ထားသည့် လေပိုင်နက်အတွင်း ဝင်ရောက်လာသော အရပ်ဘက်လေယာဉ်နှစ်စင်းကို ဩဂုတ် ၉ ရက်တွင် အမေရိကန်စစ်ဘက်လေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့ကြောင်း သိရသည်။

နယူးဂျာစီပြည်နယ် ဘက်ဒ်မင်စတာမြို့အထက်တွင် ခေတ္တသတ်မှတ်ထားသည့် လေကြောင်းပျံသန်းမှုကန့်သတ်ချက်များကို ချိုးဖောက်ခဲ့သော လေယာဉ်များကို မြောက်အမေရိက အာကာသကာကွယ်ရေးကွပ်ကဲမှုဌာန (NORAD) ၏ F-16 တိုက်လေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့ပြီး လေယာဉ်များအားလုံးကို အဆိုပါဧရိယာပြင်ပသို့ ဘေးကင်းစွာ စောင့်ကြပ်ပို့ဆောင်ပေးခဲ့ကြောင်း NORAD က လူမှုကွန်ရက် X တွင် ဖော်ပြထားသည်။

ထရမ့်သည် ယခုသီတင်းပတ်ကုန်တွင် ၎င်း၏ ထရမ့်နေရှင်နယ်ဂေါက်ကလပ်၌ရှိနေစဉ် အရပ်ဘက်လေယာဉ်နှစ်စင်းကို စစ်ဘက်သုံးဂျက်လေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။

ဆင်ဟွာ

## ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးပြီးနောက်ပိုင်း ၁၀ လအတွင်း ဂါဇာ၌ ကလေးငယ် ၃၀၀ ထက်မနည်း သေဆုံးဟုဆို

**နယူးယောက် ဩဂုတ် ၁၀**

အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် ၁၀ လအတွင်း ဂါဇာကမ်းမြောင်ဒေသ၌ ကလေးငယ် ၃၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ပြောကြားသည်။




အမေရိကန် ဦးဆောင်သော ငြိမ်းချမ်းရေးအစီအစဉ် တစ်ရပ်ဖြစ်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မှာ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် စတင်အသက်ဝင်ခဲ့ခြင်းဖြစ်သော်လည်း ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ကလေးငယ်များ သေဆုံးမှုများဖြစ်ပွားခဲ့ကြောင်း UNICEF က ဖော်ပြထားသည်။

**ကလေးများကိုစောင့်ရှောက်ရန်**

သက်ဆိုင်သည့် အဖွဲ့အားလုံးအနေဖြင့် ကလေးငယ်များကို ကာကွယ် စောင့်ရှောက်ရန်နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအပါအဝင် နိုင်ငံတကာဥပဒေအရ လိုက်နာရမည့် တာဝန်ဝတ္တရားများကို စောင့်ထိန်းရန် UNICEF က တောင်းဆိုထားသည်။

အင်န်အိတ်ချ်ကေ

## ကမ္ဘာ့စားနပ်ရိက္ခာ ပိုမိုခိုင်မာလာစေမည့် စိုက်ပျိုးနည်းစနစ်သစ် ရုရှားသိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

**မော်စကို ဩဂုတ် ၁၀**

ရုရှားနိုင်ငံ South Ural State တက္ကသိုလ်မှ ရုရှားသုတေသီများက ဓာတ်ပြုနိုင်စွမ်းမြင့်မားသည့် အောက်ဆီဂျင်မျိုးစိတ်များ (Reactive Oxygen Species-ROS) သည် ကောက်ပဲသီးနှံပင်များတွင် အရေးပေါ်ဇီဝအချက်ပေးစနစ်ကဲ့သို့ လုပ်ဆောင်ပြီး ကောက်ပဲသီးနှံပင်များကို အလွန်ပူပြင်းသည့်အပူချိန်နှင့် မိုးခေါင်ခြောက်သွေ့မှုများကဲ့သို့ သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ရင်ဆိုင်နိုင်စေရန် ကူညီပေးကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။

ROS ၏ လုပ်ဆောင်မှုကို ထိန်းချုပ်ပေးခြင်းဖြင့် အပင်ဆဲလ်များတွင် ကာကွယ်ရေးတုံ့ပြန်မှုများဖြစ်ပေါ်စေပြီး ယခင်က ကြုံတွေ့ခဲ့ရသည့် ပတ်ဝန်းကျင်အခြေအနေများကို မှတ်သားထားနိုင်သည့် မှတ်ဉာဏ်တစ်ရပ်ကို ဖန်တီးပေးနိုင်သည်။ ယင်းကဲ့သို့ ပတ်ဝန်းကျင်အခြေအနေများကို လိုက်လျောညီထွေတုံ့ပြန်နိုင်သည့် မှတ်ဉာဏ်သည် နောင်မျိုးဆက်များထံ လက်ဆင့်ကမ်းအမွေပေးနိုင်သည့်အတွက် မျိုးပွားရွေးချယ်မှုကိုအသုံးပြု၍ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများကို ရေရှည်ခံနိုင်ရည်ရှိသည့် သီးနှံမျိုးစိတ်များ ဖော်ထုတ်နိုင်မည့် အလားအလာရှိသည်။

ယခုတွေ့ရှိချက်သည် မျိုးစပ်မွေးမြူရေးပညာရှင်များအတွက် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည့် ဂျုံ၊ ဆန်စပါး၊ မုယောစပါးနှင့် ဆော်ဂမ်သီးနှံမျိုးစိတ်များ ဖော်ထုတ်နိုင်ရန် အထောက်အကူဖြစ်စေပြီး အဓိက စားနပ်ရိက္ခာသီးနှံများ ရာသီဥတုပြောင်းလဲမှု၏ ဖိအားများကို ပိုမိုရင်ဆိုင်နေရချိန်တွင် ယခုလေ့လာတွေ့ရှိချက်သည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကို ပိုမိုခိုင်မာစေရန် နည်းလမ်းသစ်တစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရသည်။

စပွတ်နစ်



## ဆော်ဒီရှိ ဆိုဖာစက်ရုံ မီးလောင်မှုအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၆ ဦး သေဆုံး

**ရီယာ့ဒ် ဩဂုတ် ၁၀**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ ဆိုဖာစက်ရုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၆ ဦး သေဆုံးခဲ့ကြောင်း ဩဂုတ် ၁၀ ရက်တွင် ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ပရောက်လုပ်သားရေးရာနှင့် ပြည်ပအလုပ်အကိုင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါမီးလောင်မှုသည် ဩဂုတ် ၉ ရက်က ရီယာ့ဒ်မြို့ မူဆာဆန်အိုင် ယာစက်မှုဇုန်ရှိ ဆိုဖာစက်ရုံ၌ ဖြစ်ပွားခဲ့ပြီး ၁၆ ဦးသေဆုံးကြောင်း သိရသည်။

သေဆုံးသူအားလုံးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ရီယာ့ဒ်မြို့ရှိ ဘင်္ဂလားဒေ့ရှ် သံရုံးတာဝန်ရှိသူများသည် သေဆုံးသူများအား အတည်ပြုစစ်ဆေးရန်၊ ရုပ်အလောင်းများနှင့်ပတ်သက်သည့် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဆော်ဒီအာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဘရူနိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို လမ်းပြမြေပုံနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်

**ဘန်ဒါဆီရီဘီဂါဝန် ဩဂုတ် ၁၀**

ဘရူနိုင်းနိုင်ငံသည် “Visit Brunei Year 2027” အစီအစဉ်ကာလအတွင်း ကမ္ဘာလှည့်ခရီးသည် ၁ သန်းခန့်ကို ဆွဲဆောင်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းမှ ဘရူနိုင်းဒေါ်လာ သန်း ၆၃၀ ခန့် (အမေရိကန်ဒေါ်လာ ၄၉၃ ဒသမ ၁၁ သန်းခန့်) ဝင်ငွေရရှိရန် ရည်မှန်းထားသည်ဟု ဩဂုတ် ၁၀ ရက်တွင် ဘရူနိုင်းနိုင်ငံ၏ စီးပွားရေးမူဝါဒများ ညှိနှိုင်းရေးဝန်ကြီးနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဟာဂျီအဗ္ဗဒူမာနက်ဖ်မီတက်ဆင်က ပြောကြားသည်။

၂၀၂၄-၂၀၃၅ ခရီးသွားလုပ်ငန်းလမ်းပြမြေပုံနှင့်အညီ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အရေအတွက်တိုးတက်လာစေရုံသာမက အရည်အသွေးမြင့်မားလာစေရန်လည်း တိုးတက်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဆင်ဟွာ



## ကမ္ဘောဒီးယားနိုင်ငံ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅၁၀၀၀ ကျော် ဖြေဆို

**ဖနောင်ပင် ဩဂုတ် ၁၀**

ကမ္ဘောဒီးယားနိုင်ငံ၌ တက္ကသိုလ်ဝင်တန်းအမျိုးသားအဆင့်စာမေးပွဲကို ဩဂုတ် ၁၀ ရက်တွင် စတင်ဖြေဆိုကြရာ ကျောင်းသူ ၈၄၇၃၅ ဦးအပါအဝင် စာမေးပွဲဖြေဆိုသူ စုစုပေါင်း ၁၅၁၂၃၈ ဦးရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် စာစစ်ဌာန ၂၄၄ ခု၌ စာမေးပွဲခန်း ၆၁၀၄ ခန်း ဖွင့်လှစ်ကာ စတင်ကျင်းပခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနက ပြောကြားသည်။ စာမေးပွဲဖြေဆိုသူအားလုံးအနေဖြင့် စာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာကြရန် ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီး ဟန်ချွန်နာရွှန်က တိုက်တွန်းထားသည်။

စာမေးပွဲဖြေဆိုသူများအနေဖြင့် စာစစ်ဌာနများနှင့် စာဖြေခန်းများအတွင်းသို့ မည်သည့်စာရွက်စာတမ်းများ သို့မဟုတ် လျှပ်စစ်ပစ္စည်းများ ယူဆောင်ခြင်းကိုမဆို တင်းကျပ်စွာတားမြစ်ထားကြောင်း ဖနောင်ပင်မြို့ရှိ Preah Sisowath အထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်စဉ် ၎င်းက ပြောကြားသည်။

စာမေးပွဲရလဒ်များကို စက်တင်ဘာ ၂ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်သည်။ ယမန်နှစ်စာမေးပွဲတွင် ဖြေဆိုသူ ၁၄၄၈၄၈ ဦးအနက် ၁၂၂၄၇၃ ဦးအောင်မြင်ခဲ့ရာ စာမေးပွဲအောင်မြင်မှုနှုန်း ၈၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံ၏ ပြည်ပရောက်အလုပ်သမားများလွှဲပို့ငွေ ဇူလိုင်လ၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရှိလာ

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၀**

၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ပြည်ပရှိ ပါကစ္စတန်နိုင်ငံသားများက ပေးပို့သည့် အလုပ်သမားများ၏ လွှဲပို့ငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရှိကြောင်း ပါကစ္စတန်နိုင်ငံတော်ဘဏ်က ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါပမာဏမှာ ယမန်နှစ် အလားတူ ကာလထက် ၁၃ ရာခိုင်နှုန်းနှင့် ပြီးခဲ့သည့်လထက် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာခြင်းဖြစ်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံမှ ဇူလိုင်လအတွင်း ဒေါ်လာ ၉၁၃ ဒသမ ၉ သန်းပေးပို့ခဲ့ပြီး လွှဲပို့ငွေအများဆုံးအဖြစ် ဆက်လက်ရပ်တည်နေကြောင်း ဗဟိုဘဏ်၏ နောက်ဆုံးရ အချက်အလက်များအရ သိရသည်။

ယင်းနောက် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) မှ ဒေါ်လာ ၇၃၇ ဒသမ ၃ သန်း၊ ဗြိတိန်နိုင်ငံမှ ဒေါ်လာ ၅၅၅ ဒသမ ၅ သန်းနှင့် အမေရိကန်ပြည်ထောင်စုမှ ဒေါ်လာ ၃၁၇ ဒသမ ၂ သန်း အသီးသီး ငွေလွှဲပေးပို့ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အပူချိန်မြင့်တက်မှုနှင့် မုန်တိုင်းအန္တရာယ်များကို ဂျပန်မိုးလေဝသ တာဝန်ရှိသူများ သတိပေး

**တိုကျို ဩဂုတ် ၁၀**

ဩဂုတ် ၁၀ ရက်တွင် ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများ၌ အလွန်ပူပြင်းသည့်နေ့တစ်နေ့ထပ်မံဖြစ်ပေါ်ခဲ့ပြီး အပူဒဏ်ကြောင့် အပူလျှပ်ခြင်းမဖြစ်ပွားစေရန် ဂျပန်မိုးလေဝသတာဝန်ရှိသူများက ပြည်သူများအား သတိပေးထားသည်။

ဂျပန်နိုင်ငံရှိ စုစုပေါင်း ပြည်နယ် ၄၇ ခုအနက် ခုနစ်ခုတွင် အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားသည်။

ထို့အပြင် ဩဂုတ် ၁၁ ရက်တွင် ဂျပန်နိုင်ငံအရှေ့ပိုင်းဒေသသို့ အနီးကပ်ဖြတ်သန်းသွားမည့် ချန်ဟုမ်းအပူပိုင်းမုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်မှု၊ လှိုင်းကြီးမှု၊ မြေပြိုမှု၊ မြေနိမ့်ဒေသများတွင် ဖြစ်ပေါ်နိုင်သည့် ရေကြီးရေလျှံမှုနှင့် မြစ်ရေမြင့်တက်မှုများကို အထူးသတိထားကြရန်နှင့် နောက်ဆုံးရသတင်းအချက်အလက်များကိုလည်း အမြဲစောင့်ကြည့်စစ်ဆေးကြရန် အကြံပြုထားသည်။

အင်န်အိတ်ချ်ကေ



# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းဆွေးနွေး

## ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်

**ပုသိမ် ဩဂုတ် ၁၀**

ရေဘေးသင့် ဒေသများတွင် ဆက်လက် ဆောင်ရွက်ရမည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ စပါး ပြန်လည်စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ခြင်း၊ စက်ယန္တရား၊ မျိုးစေ့နှင့် သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေး၊ ကူညီထောက်ပံ့ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို ကြိုတင်တွက်ချက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး သက်ဆိုင်ရာ ကော်မတီများက ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတနာရှင်ပြည်သူများ လှူဒါန်းသည့် အလှူငွေများနှင့် လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ဆန်အိတ် ၂၀၀ ကိုလည်း လက်ခံရယူသည်။

အစည်းအဝေး အပြီးတွင် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌ ကျင်းပသည့် ရေကြည်မြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ ရေဘေး အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ရေကြည်မြို့ မြို့မရပ်ကွက် မိတ္ထီလာရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို မအူပင်မြို့ အမှတ်(၁)ရပ်ကွက်၊ မြို့ရှောင်လမ်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ရေပိုင်နက်အတွင်း ကမ်းလွန်လုပ်ကွက် အမှတ် M-15 စီမံကိန်း ဆောင်ရွက်မည်

**ထားဝယ် ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ရေပိုင်နက်အတွင်း ဆောင်ရွက်မည့် ကမ်းလွန်လုပ်ကွက် အမှတ် M–15 စီမံကိန်းသည် မုတ္တမကမ်းလွန်ဒေသ၏ တောင်ဘက်ပိုင်း မြိတ်မြို့၏ အနောက်ဘက် မိုင် – ၁၂၀ ခန့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြစ်၏ ကမ်းလွန်ပင်လယ်ပြင်တွင် တည်ရှိကာ ရဲတံခွန်စီမံကိန်းလုပ်ကွက်ဖြစ်သည့် M–12, M–13, M–14 နှင့် ချိတ်ဆက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် M–15 စူးစမ်းရှာဖွေရေး တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CFG Energy Pte. Ltd က ကမ်းလွန်လုပ်ကွက်အမှတ် (M–15) စူးစမ်းရှာဖွေရေး တွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားမှ သိရသည်။

ထိုသို့ရှင်းလင်းတင်ပြရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ (ကမ်းလွန်)က ဆွေးနွေးတင်ပြခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာအကြောင်းအရာများကို လည်းကောင်း၊ CFG Energy Pte. Ltd Chairman Mr. Songning Shen က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက (M–15) ကမ်းလွန်လုပ်ကွက်ရေနံနှင့် သဘာဝဓာတ်အားတူးဖော်ရေး အစီအစဉ်၊ စီမံကိန်းဆိုင်ရာပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ ဒေသခံများနှင့်ဆက်ဆံရေး၊ စည်းရုံးရေးဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံစဉ် စူးစမ်းရှာဖွေရေး တွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက်ပါ အကျိုးပြုမှု များစွာဖြစ်ထွန်းမည့် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားမထိခိုက်စေရန်နှင့် တိုးတက်ဖြစ်ထွန်းစေရန်ရှေးရှုပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# လေးမျက်နှာမြို့ ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၀**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့်၊ ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ ပေါ်ရပ်ကွက်နှစ်ခုနှင့်ပတ်ဝန်းကျင်ကျေးရွာ ၁၉ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာခြောက်ရွာ၊ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ကိုးခုနှင့်ကျေးရွာ ၁၈၃ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဝေန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝေန်ပန်းတာ ရေဝင်လမ်းအား (Geobags) အိတ်များ ချခြင်း၊ မျောတုတ်တန်းများ အတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်

## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ

## (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအာဟာရ ချက်ပြုတ်သရုပ်ပြ ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အာဟာရ ချက်ပြုတ် သရုပ်ပြပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (မြို့မ) ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေး ဆရာဝန် ဒေါက်တာသိန်းဇော်လတ်က အာဟာရပြည့်ဝမျှတသည့် အချက်အပြုတ်ပြိုင်ပွဲ အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး အထက (စက်၊ စိုက်၊ မွေး)တိုက်ကြီး၊ အထက (တာခွ)၊ အထက(မြို့မ)၊ အထက (ခွဲ) မြို့မ(၃)တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုရရှိသူများအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းတင်စန်းရှိန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။



ဝတ်ရည်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

မော်လမြိုင် ဩဂုတ် ၁၀

လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၅၄) စက်မှုလယ်ယာစခန်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးမောင်က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းသားများအား လယ်ယာသုံးစက်ကိရိယာ သင်တန်းသင်ရိုးညွှန်းတမ်းစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်သည်။



အဆိုပါသင်တန်းကို သင်တန်းသား ၃၀ ဖြင့် ဩဂုတ် ၁၀ ရက်မှ ၂၁ ရက် အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ဘားအံမြို့၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ကြိုတင်ပြင်ဆင်ထားရှိ

ဘားအံ ဩဂုတ် ၁၀

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် စိုးရိမ်ရေအမှတ် ၇၅၀ စင်တီမီတာအထက် ကျော်လွန်ပြီး ယနေ့နံနက် ၈ နာရီခွဲ တိုင်းတာချက်အရ ၈၂၀ စင်တီမီတာသို့ ရောက်ရှိနေ၍ မြေနိမ့်ပိုင်းရပ်ကွက်များသို့ ရေများဝင်ရောက်လျက်ရှိသည်။

အဆိုပါ သံလွင်မြစ်ရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းနှင့် မြစ်ကမ်းဘေးတွင် နေထိုင်သူများရေလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိပြီး ရေဘေးသင့် ပြည်သူများအား ဝေငှပေးနိုင်ရန်အတွက် ဆန်၊ ဆီနှင့် ကြက်ဥများ စီစဉ်ထားရှိကြောင်းသိရသည်။

ဘားအံမြို့နယ်၌ သံလွင်မြစ်ရေ ပိုမိုမြင့်တက်လာပါက မြေနိမ့်ပိုင်းနှင့် ရေဝင်ရောက်နိုင်သည့်နေရာများမှ ပြည်သူများ ရွှေ့ပြောင်းနိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များတွင် စခန်း ၁၆ ခု၊ ကျေးရွာအုပ်စုများတွင် စခန်း ၁၁ ခု စုစုပေါင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၂၇ ခု ဖွင့်လှစ်ရန် လျာထားပြီး ခရိုင်/မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## လှည်းကူးမြို့နယ်၌ ရပ်/ကျေးအုပ်ချုပ်ရေးမှူး စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်



လှည်းကူး ဩဂုတ် ၁၀

လှည်းကူးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဒုတိယအကြိမ်ကို ယနေ့ နံနက် ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်က အမှာစကားပြောကြားပြီး သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

## ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး

ထားဝယ် ဩဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအကြား တိုက်ရိုက်ထိတွေ့ ဆွေးနွေးခွင့်ရရှိစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ အနောက်မြို့တွင်းရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုစန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေး



အကြောင်းအရာများကို တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒဂုံမြို့သစ်ခရိုင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရချက်ပြုတ်သရုပ်ပြယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲကို ယနေ့နံနက်တွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သူဇာတို့က အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်း သရုပ်ပြပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရရှိသူများအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

နေမျိုးအောင်(ပြန်/ဆက်)

## ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၁၀

ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆)



သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ကျင်းပရာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ဒုရဲမှူးကြီး အောင်ကိုမြင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းသား ၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဘုန်းမြတ်

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လယ်ဝေးမြို့၌ မိုးစပါးဘက်စုံပိုးမွှားရောဂါကာကွယ်ခြင်း IPM နည်းစနစ်ဖြင့် ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၀

လယ်ဝေးမြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါး ဘက်စုံပိုးမွှားရောဂါကာကွယ်ခြင်း IPM နည်းစနစ်ဆောင်ရွက်နေသည့် စိုက်ခင်းများကို ဩဂုတ် ၇ ရက်က နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၂၃၊ တောင်သူ ဦးကျော်သောင်းနှင့် ရှစ်ဦး၏ စံပြကေ ၂၀ တွင် ဆင်းသုခမျိုး မိုးစပါးစိုက်ခင်းကို ဘက်စုံပိုးမွှားရောဂါကာကွယ်ရန်အတွက် ထရိုင်ခိုဒါးမား မှိုပက်ဖျန်းရန် ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းများ ဖွင့်လှစ်

**ကဝ**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ဒုတိယအကြိမ် (၂/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၁၀၁ ဦး တက်ရောက်ကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**



**ရေကြည်**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကား ပြောကြားပြီး သင်တန်းသား ၁၀၃ ဦးဖြင့် ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

**အောင်သူဟန်(ပြန်/ဆက်)**

**ငပုတော**

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းနေလွင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)တို့က အမှာစကားပြောကြားပြီး သင်တန်းသား ၉၂ ဦးတက်ရောက်ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က ရွှေဟင်္သာခန်းမ၌ ဖွင့်လှစ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားပြီး သင်တန်းကို တစ်လကြာ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသား ၄၂ ဦး တက်ရောက်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

**ဓနုဖြူ**

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၂/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက်က အမှတ်(၁၇) ရပ်ကွက်ရှိ ရွှေဟင်္သာဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရွှေဟင်္သာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး ဓနုဖြူမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၃ အုပ်စုတို့မှ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအတွက် ဒုတိယအကြိမ် ကွင်းဆင်းလေ့လာ



ကျောက်တံခါး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိသရက်စိန်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ခုနှစ်မှ စတင်၍ စွမ်းအားမြှင့် မီးဖိုဖြန့်ဖြူးရေးစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင် ပါဝင်သော လေ့လာရေးခရီးစဉ်အား ဒုတိယအကြိမ်ရန်ပုံငွေဖြင့် နေပြည်တော်၊ ပျဉ်းမနားမြို့ မျိုးစေ့ခတ်ခွဲခန်းရှိ သုတေသနစိုက်ခင်းများကို ဩဂုတ် ၉ ရက်က ဒုတိယအကြိမ် ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် မျိုးစေ့ဌာနခွဲ(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာယုမွန်က နေကြာသီးနှံနှင့် အစေ့ထုတ် ပြောင်းမျိုး မြှင့်တင်ခြင်း သုတေသနစိုက်ခင်းများ၊ ပဲပုပ်သီးနှံ မျိုးစေ့ထုတ်စိုက်ခင်းနှင့် ယာစပါးမျိုး စိုက်ခင်းများကို လိုက်လံပြသ ရှင်းလင်းပြောကြားပြီး GAP ဟင်းသီးဟင်းရွက်စိုက်ခင်းများကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

## သာစည်မြို့နယ် အခြေခံပညာကျောင်းများ၌ အာဟာရပြည့်ငှက်ပျောစိုက်ပျိုး



သာစည် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၁)နှင့်(၂)အခြေခံပညာအထက်တန်းကျောင်းများ၌ ငှက်ပျောပင်များ စိုက်ပျိုးပြီးစီးမှုကို ဩဂုတ် ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကလေးငယ်များ အာဟာရပြည့်ဝစေရေး ဖီးကြမ်းငှက်ပျော(ဒေသမျိုး)ကို သာစည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စုစုပေါင်း ၄၉၆ ပင် စိုက်ပျိုးထားရှိမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ကြည့်ရှုစစ်ဆေးပြီး အောင်မြင်ဖြစ်ထွန်းစေရေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ထားဝယ်မြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြည်သူ့စကားဝိုင်း ကျင်းပ



ထားဝယ် ဩဂုတ် ၁၀

ထားဝယ်မြို့၌ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို အိုးလုပ်အရှေ့ရပ်ကွက်အခြေခံပညာ အလယ်တန်းကျောင်း၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုစန်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်အောင်ကြိုတင်ပြင်ဆင်ရမည့် နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် သိရှိလိုက်နာရမည့်အချက်များကို ဒေသခံပြည်သူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများဆောင်ရွက်

ပခုက္ကူ ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး ပခုက္ကူမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်းသို့ ကွင်းဆင်း၍ ကျောင်းသားကျောင်းသူများအား သန်ချဆေးနှင့် vitamin A တိုက်ကျွေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်အမြင့်တိုင်းတာစစ်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေး၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ဆေးလိပ်နှင့်မူးယစ်ဆေးအန္တရာယ်အကြောင်းသိကောင်းစရာများ ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။





လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ တရားမဝင် တရုတ်နိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

▼ *ကျောဖုံးမှ*

ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၅၀၀ ခန့်သို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးတို့အား အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၅၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီအလုပ်ရုံမိုးကာတဲ တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေ ထမင်းချက်ဆောင် မိုးကာတဲ တစ်လုံး၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ တစ်လုံး၊ Star Link ၁၀ စုံ၊ Star Link ဗန်းနှစ်ခု၊ Laptop ၂၅ လုံး၊ Power Station ခြောက်လုံး၊ Wifi U6 Pro ခြောက်ခု၊ Freezer (အလတ်) တစ်လုံး၊ ပလတ်စတစ်စားပွဲ၊



အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် ဖမ်းဆီးရမိသည့် တရားမဝင် တရုတ်နိုင်ငံသားများအား တွေ့ရစဉ်။

ကုလားထိုင်များ၊ မီးစက် နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါနေရာတစ်ဝိုက်အား ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆီးဆောရွာ၏အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၁ ဦးတို့အား လည်းကောင်း၊ ဆီးဆောရွာ၏ တောင်ဘက် မီတာ ၁၇၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးအား လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ခဲ့သည့်တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် မီးစက်အလတ်နှင့် ယာယီအဆောက်အအုံများကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

အသင်းကို ၁၀ ဂိုး – ဂိုးမရှိဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ISPE အသင်းမှ တိုက်စစ်ကစားသမားများ ဖြစ်ကြသည့် မိုးမိုးသန်းက ပွဲချိန် ၁၆၊ ၇၂၊ ၇၄ မိနစ်နှင့် လင်းမြင့်မိုရ်က ပွဲချိန် ၂၅၊ ၃၈၊ ၄၇ မိနစ်တို့တွင် ဟက်ထရစ် သုံးဂိုးစီ သွင်းယူကာ ခြေစွမ်းပြကစားခဲ့ကြသည်။ ထို့ပြင် ခင်မာလာထွန်းက ပွဲချိန် ၃၂၊ ၈၈ မိနစ်တွင် နှစ်ဂိုး၊ ဟေမာန်စိုးက ပွဲချိန် ၂၁ မိနစ်တွင် တစ်ဂိုးနှင့် စန္ဒာလင်းက ပွဲချိန် ၅၄ မိနစ်တွင် တစ်ဂိုးသွင်းယူကာ အကောင်းဆုံးခြေစွမ်းကို ပြသခဲ့ကြသည်။

ယခုရာသီ မြန်မာအမျိုးသမီးလိဂ်တွင် ISPE FC အသင်းသည် သရေတစ်ပွဲမှလွဲ၍ ကျန်ပွဲစဉ်အားလုံး အနိုင်ရရှိကာ တစ်ပွဲမျှ ရှုံးနိမ့်ခြင်းမရှိသေးသည့် တစ်ခုတည်းသော အသင်းအဖြစ် အကောင်းဆုံးစံချိန်တင် ရပ်တည်နေသည်။

ထို့ပြင် ယနေ့နိုင်ပွဲကြောင့် ISPE အသင်းသည် စုစုပေါင်း ရမှတ် ၂၅ မှတ်အထိ ရရှိခဲ့ပြီး ယခုရာသီ၏ ဂိုးပြတ်ဆုံး နိုင်ပွဲစံချိန်နှင့်အတူ ပထမရာသီဝက်ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့သည်။

ပဒုမ္မာကွင်း၌ ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် သစ္စာအားမာန်အသင်းက ရတနာပုံအသင်းကို သုံးဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိကာ လေးပွဲဆက်နိုင်ပွဲရလဒ်ကို ရယူနိုင်ခဲ့သည်။

သစ္စာအားမာန် အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ဝေဖူးအိမ်က သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်း ၄၇ မိနစ်နှင့် ၇၄ မိနစ်တို့တွင် မြတ်နိုးခင်က နောက်ထပ် အနိုင်ဂိုးနှစ်ဂိုး ထပ်မံသွင်းယူပေးခဲ့သဖြင့် ပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ရတနာပုံအသင်းကို သုံးဂိုး – ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားခဲ့သည်။

သစ္စာအားမာန်အသင်းသည် တိုက်စစ်ပိုင်းမှာ ထက်မြက်လျက်ရှိပြီး သုံးပွဲဆက်တိုက် ဂိုးပြတ်နိုင်ပွဲများကို ရယူနိုင်ခဲ့သည်။ အထူးသဖြင့် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ဖွဲကပင်အသင်းကို ကိုးဂိုး – နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူခဲ့ပြီး အသင်း၏ အကောင်းဆုံးခြေစွမ်းနှင့် ဂိုးသွင်းစွမ်းရည်ကို သက်သေပြနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်များတွင် ISPE အသင်းက အသင်းခေါင်းဆောင် ခင်မာလာထွန်းနှင့် သစ္စာအားမာန်အသင်းက နောက်ခံလူ မေသက်မွန်မြင့်တို့က AYA PAY Player Of The Match (ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမား)ဆုကို ရရှိခဲ့သည်။

**နေမျိုး၊ ခတ်ပုံ–MWL**

❑ *ကျောဖုံးမှ*

အလားတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထိုသို့ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များ အကြိတ်အနယ် ယှဉ်ပြိုင်နေမှုကို ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဩဂုတ် ၁၂ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ (အမျိုးသား) ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

ယှဉ်ပြိုင်ခဲ့ကြပြီး ဒဂုံစတားအသင်းက ငါးဂိုး–လေးဂိုးဖြင့် ကပ်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဒဂုံစတားအသင်းမှ မင်းမင်းခန့်က ပွဲချိန် ၁၈၊ ၂၃ နှင့် ၃၀ မိနစ်တို့တွင် သုံးဂိုးဆက်တိုက် သွင်းယူခဲ့ပြီး ပွဲချိန် ၄၈ မိနစ်တွင် ညီနိုင်က တစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ ထို့နောက် ပွဲချိန် ၆၇ မိနစ်တွင် မင်းမင်းခန့်က ၎င်း၏ လေးဂိုးမြောက် အနိုင်ဂိုးကို သွင်းယူကာ အသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားခဲ့သည်။

စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် ပိုင်သက်ဦးက သွင်းယူခဲ့ပြီး ပွဲချိန် ၆၁ မိနစ်တွင် ကျော်ဝင်းစိုးက တစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ ထို့နောက် ပိုင်သက်ဦးက ပွဲချိန် ၆၉ မိနစ်နှင့် ၉၀+၂ မိနစ်တို့တွင် နောက်ထပ်ချေပဂိုးများ ထပ်မံသွင်းယူခဲ့ပြီး ဟက်ထရစ် ရယူနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဂိုးအကွာဖြင့် ဒဂုံစတားအသင်းကို ရှုံးနိမ့်ခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် GALAXY အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ကောင်းခန့်ဟိန်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်တွင် ဒဂုံစတားယူနိုက်တက်အသင်းမှ လေးဂိုး သွင်းယူပြီး ခြေစွမ်းပြကစားနိုင်ခဲ့သည့် မင်းမင်းခန့်က AYA Pay Man Of The Match ဆုကို ရရှိခဲ့သည်။

**နေမျိုး၊ ခတ်ပုံ–MNL**

## ဘိုကလေးမြို့နယ်၌ အင်တာနက်မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ဘိုကလေး ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရဲတပ်ဖွဲ့ မြို့မရဲစခန်းက အင်တာနက်မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက်က ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စုဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝဏ္ဏဆွေက မှုခင်းဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ မြို့မစခန်းမှူး ဒုရဲမှူး ဝင်းဇော်ဦးက အင်တာနက်မှုခင်းဖြစ်ပွားသည့်ပုံစံများနှင့် အခြေအနေများ၊ သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးက မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများ ပူးပေါင်းပါဝင်ရေး တိုက်တွန်းချက်များကို အသီးသီးဟောပြော၍ ရဲတပ်ဖွဲ့ဝင်များက ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း၊ ဟောပြောပွဲသို့ စုစုပေါင်း ပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မဘုန်းတော်ကြီး သင်ပညာရေးကျောင်း Grade-9 မှ မောင်ခန့်ဇော်ဦး၏ ဖခင် ဦးဇော်လှိုင်၏ အမည်မှန်မှာ ဦးခင်မောင်လွင် ဖြစ်ပါကြောင်း။

**ဦးခင်မောင်လွင်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12(p)မှ မအိမ်သူငွေး ၆/မမန(နိုင်)၂၇၄၁၃၃ ၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးမောင်ငွေး ၆/မအရ(နိုင်)၁၁၁၁၄၂ ဖြစ်ပါကြောင်း။ **ဦးမောင်ငွေး**

## အမည်မှန်

(ဘ)ဦးမြင့်ဦး၏သမီးဖြစ်သူ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11(D)မှ မခိုင်ဆုရီ၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မခိုင်ဆုရည် ဖြစ်ပါကြောင်း။

**မခိုင်ဆုရည်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၃၅/ စုံခေါင်းမြောက်၊ ဦးပိုင်အမှတ် -ခ/၄၄/၃၊ မြေဧရိယာ (၀.၀၃၁)ဧကရှိ ဦးတာလွင်ဆန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလှိုင်ဝင်းအောင်(၆/ပလန(နိုင်)၀၃၄၅၅၀)နှင့်ဒေါ်ထွေးသိန်း(၆/ပလန(နိုင်)၀၄၉၁၃၄)တို့မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်မျိုးနိုင် ၆/မအရ(နိုင်)၀၂၆၉၅၀)၊ ဒေါ်ယုယုခိုင်(၆/မအရ(နိုင်)၀၀၁၈၂၂)၊ ဦးကျော်စွာဦး (၆/မမန(နိုင်)၁၁၆၆၆၄)၊ ဒေါ်ဝတ်ရည်နှင်း(၆/မမန(နိုင်)၁၇၇၃၇၄)တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းကြူ (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၂၂၇)**
**ပိတောက်ရွှေဝါလမ်း၊ဇေယျာသီရိ(၃)ရပ်၊ မြိတ်တောင်နယ်မြေ၊မြိတ်မြို့။ ဖုန်း-၀၉-၄၂၂၂၅၈၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၅၇၄/က)အကျယ်အဝန်း(၂၅ပေ × ၆၀ပေ)ရှိမြေတစ်ကွက်၊မြေကွက်အမှတ်(၅၇၄/ခ)အကျယ်အဝန်း(၂၅ပေ × ၆၀ပေ)ရှိမြေတစ်ကွက်စုစုပေါင်းမြေကွက်နှစ်ကွက်ကိုဒေါ်စန်းစန်းနု(၁၂/အစန(နိုင်)၁၁၄၈၃၄)မှနှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်ထားပြီးအဆိုပါနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းစန်းနုထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**Ph- 09421746974**

## အများပြည်သူသို့ အသိပေးကြေညာချက်

ဤကြေညာချက်ဖြင့် **TOA Coating Myanmar Co., Ltd** သည် ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ် သီလဝါ အထူးစီးပွားရေးဇုန်တွင် အိမ်သုတ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ထိုင်းနိုင်ငံ TOA Paint Thailand ကုမ္ပဏီ၏ နည်းပညာဖြင့် ကုန်ကြမ်းများတင်သွင်း၍ ကုန်ချောထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ **"TOA"** အမှတ်တံဆိပ် ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း တရားဝင်တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း၊ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများသို့ တစ်ဆင့်ရောင်းချခြင်းနှင့် အရောင်းမြှင့်တင်ခြင်းတို့ကို **TOA Coating Myanmar Co., Ltd မှသာ တစ်ဦးတည်း တရားဝင်ဆောင်ရွက်ခွင့်ရှိပါသည်။**

ခွင့်ပြုချက်မရှိဘဲ အဆိုပါကုန်ပစ္စည်းများ အမှတ်တံဆိပ် သို့မဟုတ် အလားတူအမှတ်တံဆိပ်များကို အသုံးပြု၍ ထုတ်လုပ်ခြင်း၊ နယ်စပ်မှ တရားမဝင် တင်သွင်းလာခြင်း၊ အဆိုပါတင်သွင်းလာသော ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းနှင့် ဈေးကွက်တင်ရောင်းချခြင်းများစသည့် တရားမဝင် ချိုးဖောက်မှုများပြုလုပ်ပါက **သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မှုများ** ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် **TOA Coating Myanmar Co.,Ltd** မှ ထုတ်လုပ်သော ကုန်ပစ္စည်းမဟုတ်ပါက **ကုန်ပစ္စည်း၏ အရည်အသွေးနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို အာမခံတာဝန်ယူမည်မဟုတ်ကြောင်း**ကိုလည်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**TOA Coating Myanmar Co.,Ltd လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိငယ်ငယ်ခင် (LL.B, D.I.L)**
**အထက်တန်းရှေ့နေ (အမှတ်စဉ် - ၄၈၄၆၂)**
**ဖုန်း-၀၉-၄၂၁၁၂၀၇၆၉**

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လှည်းကူးခရိုင်၊ သနပ်ပင်ကျေးရွာအုပ်စု၊ တလုပ်ကွင်း၊ ကွင်းအမှတ်(၁၀၅၇/ခ)၊ ဦးပိုင်အမှတ်(၃၄/၁၇)၊ မြေအမျိုးအစား ($R_2$)၊ မြေပေအကျယ်အဝန်း ဧရိယာ(၀.၀၆၇)ဧက ရှိ ဦးထွန်းမင်း(ခ)လင်းတောင်ဘိန်(၁၂/ရကန(နိုင်)၀၅၉၁၀၉)အမည်ပေါက် မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်သည် အရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချသူမှ မိမိသာပိုင်ဆိုင်၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါမြေကွက်အား အပြီး အပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.L.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၄၃၀၆၆၁၆၄ ၊၀၉-၇၉၆၆၀၀၂၁၇**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## ဖခင်အမည်မှန်

ကလောမြို့၊ အထက(ခွဲ) အလက(၁) Grade-12 မှ မသဲနုနဒီ ၁၃/ကလန(နိုင်) ၁၈၃၁၇၆ ၏ ဖခင်အမည်မှန်မှာ ဦးမော်ငွေး ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဗဟန်းမြို့နယ်၊ ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade -10 အတန်းတွင် ပညာသင်ကြားနေသော (ဘ)မိုဟာမက်ဟူစိန် ၁၂/ တမန(နိုင်)၀၀၀၈၁၅ ၏သမီး မမိုးအိမ်ဂျယ်မှ မမိုးအိန်ဂျဲလ်ဟုခေါ်ပါရန်။ **မမိုးအိန်ဂျဲလ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၄၁၂၁၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/72892, Adixin 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇင်အောင် ၅/ကလတ(နိုင်) ၁၁၁၈၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ( ၄ ) ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာန၊ ရုံးချုပ်(နေပြည်တော်)နှင့် တိုင်းရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ကျပ် (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)တန်းဝင် အငယ်တန်းစာရေးရာထူး (၁၇)နေရာ ခန့်ထားနိုင်ရန်အတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားလိုသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (အမျိုးသား/အမျိုးသမီး) ဖြစ်ရမည်။

( ခ ) လျှောက်လွှာပိတ်သည့် (၁၈-၈-၂၀၂၆)ရက်နေ့၌ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၂၇)နှစ် ပြည့်ပြီး၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိရမည်။

(ဃ) အင်္ဂလိပ်စာ၊ ကွန်ပျူတာ အခြေခံ တတ်ကျွမ်းသူဖြစ်ရမည်။

( င ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

( စ ) မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာန၊ တိုင်းအသီးသီးတွင် နေရာဒေသမရွေး တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ခံရသူများ၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

( ဇ ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်။

၃။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာ ဖော်ပြပေးရန်နှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော (၁"x၁.၂၅")အရွယ် ကာလာဓါတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

( ခ ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ

( ဂ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်များ အောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထားများ

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ်(၂)ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းပါရှိရမည်။

( င ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြစ်မှု/ပြစ်ဒဏ် ကင်းရှင်းကြောင်း၊ ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာမူရင်း

( စ ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နှုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမူရင်း

၄။ စာရွက်စာတမ်းမပြည့်စုံသောလျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၂၀-၈-၂၀၂၆)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာ့မီးရထား၊ ရုံးချုပ်(နေပြည်တော်)၊ ဘဏ္ဍာရေးဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်အထောက်အထား(မူရင်း)များနှင့်အတူ လာရောက်ဆက်သွယ်ကြရန်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်) တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

(က) ၂၁-၈-၂၀၂၆ နေ့ နံနက် ၁၀:၀၀နာရီမှ ၁၂:၀၀နာရီထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ စာမေးပွဲ၊ အထွေထွေဗဟုသုတမေးခွန်းလွှာ) အား ဖြေဆိုခြင်း၊

( ခ ) ၂၁-၈-၂၀၂၆ နေ့ နေ့လည်ပိုင်းတွင် လူတွေ့နှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်း။

၇။ ရေးဖြေ၊ လူတွေ့စစ်ဆေးမှုများပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် ဆေးစစ်ဆေးမှုပြုလုပ်ပြီး ဆေးစစ်အောင်မြင်သူများကိုသာ ခန့်ထားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား၊ ရုံးချုပ်(နေပြည်တော်)၊ ၀၆၇-၇၇၀၃၈၊ ၀၆၇-၇၇၁၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

အောင်လံခရိုင်၊ အောင်လံမြို့၊ အမှတ်(၂)အထက Grade-8 တွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမြအေး ၈/အလန (နိုင်) ၁၂၁၂၅၂ ဖြစ်ပါကြောင်း။

**ဦးမြအေး**

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေဟသာရပ်၊ အောင်ဝေဖြိုးခြံနေ (ဘ) ဦးခင်မောင်ဝင်း၏သား ကိုကျော်စွာဝင်း ၇/ပမန(နိုင်)၂၁၃၈၄၈ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၀၆၄၂၇၉၅**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၇၃(က)၊ ကဘင်းကွင်း၊ မြေကွက်အမှတ်(၁၀)၊ မြေဧရိယာ (၀ ဒသမ ၂၃) ဧကအားမြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၃၀-၉-၂၀၀၇)၊ ရက်စွဲပါစာအမှတ်၊ ၆/၄/၁-၁၂/ခဃက(မြိတ်)အရ ဒေါ်ခင်မာဝေ အမည်ဖြင့် ယာယီအိမ်မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဒေါ်သန်းစိုး(ခ)ဒေါ်ခင်မာဝေ ၆/မမန(ပြု)၀၀၀၀၀၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ထွန်းတောက်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မပန်းရောင်ခြယ်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးထွန်းထွန်းနိုင် ၆/ဘပန(နိုင်)၀၀၀၁၃၉ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းနိုင်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ခွဲ) အလက(၁၀)၊ Grade-11 မှ မောင်နိုးပြည့်အောင်နှင့်Grade-4 မှ မောင်သုတပြည့်အောင် တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဝင်းစိန် ၆/မအရ(နိုင်)၀၉၆၉၀၄ ဖြစ်ပါကြောင်း။

**ဦးဝင်းစိန်**

## အမည်မှန်

(ဘ)ဦးသန်းဝင်း၏ သမီးဖြစ်သူ မြိတ်မြို့၊ အထက(၁)၊ Grade-12 မှ မမေသကြိန်ဖြိုး၏အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မမေသကြိန် ၆/မမန(နိုင်)၂၉၆၄၆၇ ဖြစ်ပါကြောင်း။ **မမေသကြိန်**

## ပတ်စ်ပို့ပျောက်

မြိတ်မြို့၊ စက်ဝင်းရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းနေ၊ (ဘ) ဦးပြေဝင်းခေါင်၏သား မောင်ကြယ်စင်ဝင်းခေါင် ၆/မမန(နိုင်)၂၉၇၃၅၃ ၏ပတ်စ်ပို့နံပါတ် MK-652263 မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၉၀၁၁၃၀၈**

## ဖခင်အမည်မှန်

ပုလောမြို့၊ အထက(၁)၊ Grade-8(A) မှ မအိအိချော၏ ဖခင် ဦးလွှမ်းဘိုအောင်၏ အမည်မှန်မှာ ဦးလွှမ်းဗိုလ် ၆/ပလန(နိုင်) ၀၄၆၁၆၃ ဖြစ်ပါကြောင်း။

**ဦးလွှမ်းဗိုလ်**

## မိခင်အမည်မှန်

ထားဝယ်မြို့နယ်၊ သဗျာကျေးရွာအုပ်စု၊ မဲချောင်းရွာနေ၊ ရမ္မဇူ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 မှ မောင်ကောင်းမြတ်သူ၏မိခင် ဒေါ်သန်းအေး၏ အမည်မှန်မှာ ဒေါ်ရင်အေး ၆/ကစန(နိုင်)၁၆၀၂၆၆ ဖြစ်ပါကြောင်း။

**ဒေါ်ရင်အေး**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ တလိုင်းထိန်/မရပ်ကွက်၊ အကွက်အမှတ် ( ၄၄ )၊ အကွက်အမည်- တလိုင်းမအကွက်၊ ဦးပိုင်အမှတ်(၄၆)၊ မြေဧရိယာ(၀.၀၅၈)ဧက အနက်မှ မြေဧရိယာ(၀.၀၂၉)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - မြေနုလမ်း

( ခ ) အနောက်လားသော် - ဦးပိုင်အမှတ်(၄၇)

( ဂ ) တောင်လားသော် - ဦးပိုင်အမှတ်(၄၆)

(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို( ဘိုးဘပိုင်/ မြေပိုင်ခွင့်အရေးရရှိထားသော မြေအမည်ပြောင်း)ပေးရန် ဦးကောင်းဆု မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလ( ၂ ) ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့ ၊ အိုးလုပ်ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ အကွက်အမည်- အိုးလုပ်အကွက်၊ ဦးပိုင်အမှတ် (၅၁)၊ မြေဧရိယာ( ၀.၁၀၈ )ဧကအနက်မှ မြေဧရိယာ(၀.၀၇၇)ဧကရှိအောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - မြသန္တာလမ်း၊

(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၅၁)၊

(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၅၁)၊(၅၂)၊

(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၃၆)၊(၃၇)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းပေးရန် ဦးစိုးနိုင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလ(၂)ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ကညံ့ရပ်ကွက်၊ အကွက်အမှတ် (၅၄)၊ အကွက်အမည်- ကညံ့အကွက်၊ ဦးပိုင်အမှတ်(၁၄၂)၊ မြေဧရိယာ( ၀.၁၈၁ )ဧကအနက်မှမြေဧရိယာ(၀.၀၄၂)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၁၄၂)၊

( ခ ) အနောက်လားသော် - ဒါနလမ်း၊

(ဂ ) တောင်လားသော် - ဦးပိုင်အမှတ်(၁၄၂)

(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၁၄၃)၊(၁၄၄-စ)(၁၄၄-ခ)၊ (၁၄၄-င)(၁၄၅)(၁၄၆)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်/မြေပိုင်ခွင့်အရေးရရှိထားသော မြေအမည်ပြောင်းပေးရန် ဦးသန်းဦးပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလ(၂)ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## မင်းလှမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၆

ဦးတင်ထွဋ် နှင့် ၁။ဒေါ်စုလှိုင်
၂။ ဦးဇော်ဝင်းအောင်
၃။ မနီလာ
၄။ မချိုတူး
၅။ မမေသူ
၆။ ဒေါ်ကေသီ
၇။ ဦးတင်အောင်မိုး
(တရားလို) (တရားပြိုင်များ)

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လှည်းကူးကျေးရွာအုပ်စု၊ ရေကြည်ကျေးရွာနေ(ဘ) ဦးသန်းအောင်၏သမီး မမေသူ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ထွဋ် က "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၂၁)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်သက်)
မြို့နယ်တရားသူကြီး
